
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

အဖုံးဒီဇိုင်း - ကိုဆန်း

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၇၊ စကားဝါလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်။

အတွင်းဖလင် - ဦးထွန်းဆိုင်

စာအုပ်ချုပ် - ကိုသန်းဌေး

ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ ဇွန်လ။
ပထမအကြိမ်။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၆၀၀ ကျပ်

ပြည့်ပိုင်မှူးအိမ်
သားစိတ်မယားစိတ် / ပြည့်ပိုင်မှူးအိမ် - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃
၁၅၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) သားစိတ်မယားစိတ်



လှိုက်လှိုက်လှဲလှဲ ချစ်ခင်မြတ်နိုးရပါသော လေးစားရပါသော ကျေးဇူးရှင်… ပရိသတ်ကြီးရဲ့ အားပေးမှုနဲ့အတူ အခုဆိုရင်… ကျွန်တော့်ရဲ့ လေးဆယ့်ငါးအုပ်မြောက် စာအုပ်အထိ ထုတ်ဝေနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ် စာအုပ်စထွက်စဉ်ကစပြီး ယနေ့ထိ အားပေးခဲ့ကြသော စာဖတ်ပရိသတ်များ၊ ကူညီခဲ့ကြသော မိတ်ဆွေ သူငယ်ချင်းများအားလုံး တစ်ယောက်မကျန် လေးလေးစားစား ကျေးဇူးတင်ပါကြောင်း ပြောလိုပါတယ်ခင်ဗျာ။ အားလုံး ကျန်းမာ ချမ်းသာကြပါစေ။

ပြည့်ပိုင်မှူးအိမ်



www.burmeseclassic.com

www.burmeseclassic.com



A man without a wife is a man without thoughts.

ဇနီးမယားမရှိသော ယောက်ျားတစ်ယောက်သည် အတွေး အခေါ်မရှိသူသာ ဖြစ်၏။

Finish Proverb



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမယူတော့ ဝေယံရ။ မင်းအသက်က ငယ်တော့တာ မဟုတ်ဘူး။ ဖစ်နစ်ချ်စကားပုံတစ်ခုမှာ မိန်းမ မရှိတဲ့လူက အတွေး အခေါ် မရှိတဲ့လူလို့ ဆိုတယ်ကွ။ အဲဒီစကားက အတော်မှန်တာ။ ငါဆိုရင်... မိန်းမ မရခင်ကနဲ့ မိန်းမရပြီးတဲ့နောက်မှာ အတွေး အခေါ်တွေ အနေအထိုင်တွေ အများကြီး ပြောင်းလဲလာတယ်။ စစ်တမ်းတစ်ခုမှာက မိန်းမရပြီးသား အမျိုးသားတွေက နှလုံးရောဂါ ဖြစ်ပွားဖို့ ရာခိုင်နှုန်းနည်းပြီး မင်းတို့လို တစ်ကိုယ်တည်း လူပျိုကြီး တွေကျ နှလုံးရောဂါနဲ့ အခြားသောရောဂါတွေဖြစ်ဖို့ ရာခိုင်နှုန်း များတယ်တဲ့ကွ"

သီဟတိုးက သူ့ကို ဆရာကြီးလေသံဖြင့် ဆိုသည်။

"အဲဒါကတော့ မင်္ဂလာဆောင်တာ တစ်လမပြည့်သေးလို့



င်းပြောနိုင်တာ တိုးကြီးရ။ ငါ့လို ကလေးနှစ်ယောက်ရတဲ့အချိန် ကျတော့ လူပျိုဘဝရဲ့အရသာကို ပြန်တမ်းတလာရော။ သားက တစ်မျိုး၊ သမီးကတစ်မျိုး ငွေကုန်ပေါက်တွေကပေါ်လာ ကိုယ့်မှာ မိသားစုအရေးကို လူတန်းစေ့ဖို့ ငွေရှာရင်း၊ ယောက္ခမအထီးတွေ အမတွေရဲ့ဒဏ်ကို လိမ့်ပိန့်ခံရင်းနဲ့ လူပျိုဘဝကို ပြန်ရချင်တာ တစ်ပိုင်းကိုသေလို့"

သီဟတိုးပြောသမျှ နားထောင်ရသော ဖုန်းသန့်နိုင်က သူ့ ကိုယ်စား ထ၍ဆိုသည်။ အခုအချိန်ထိ သူက ဘာမှ ဝင်မပြောဖြစ် သေး။

"ဒါကတော့ မင်းရဲ့ တာဝန်မယူချင်တဲ့စိတ်ကြောင့် ဖြစ်တာ ကိုးကွ နိုင်ကြီးရ၊ ဟကောင်ဝေယံ သူပြောတာ သွားနားမယောင်နဲ့၊ ယူစရာရှိတာယူ၊ မိန်းမရှိမှ ဘဝဆိုတာပြည့်စုံတာ"

"တစ်လပျော်ချင် မိန်းမယူတဲ့ကွ ဝေယံရ၊ ဒီတိုးကြီးရဲ့ စကားကို သွားနားမထောင်နဲ့။ အိမ်ထောင်သက်တမ်းကြာလာရင် ဒီကောင် ဒီစကားကို ပြောနိုင်မှာမဟုတ်ဘူး။ အခုက မိန်းမရထားတာ သုံးပတ်တောင်မပြည့်သေးလို့ ပြောနေတာ"

သီဟတိုး၏ စကားအဆုံးမှာ ဖုန်းသန့်နိုင်က ဆိုသည်။

"ကဲပါ သူငယ်ချင်းတို့ရာ၊ မုန့်ဆီကြော်က ဘယ်နေမှန်း မသိဘူး နှုတ်ခမ်းနာနဲ့ တည့် မတည့်က ရန်ဖြစ်နေပြီ"

www.burmeseclassic.com



နှစ်ကောင်စလုံး၏ စကားအဆုံးမှာ သူဆိုဖြစ်သည်။ သကောင့် သားနှစ်ကောင်က သူ့ကို အံ့အားတသင့် ဝိုင်းလို့ ကြည့်သည်။

"ဟကောင် ဝေယံ၊ နှင်းစံပယ်လေးနဲ့ ပြတ်ပြန်ပြီလားကွ"

တိုးကြီးက မျက်လုံးကြီးပြူးရင်း အမေးရှိသည်။

"မနေ့ကပဲ ငါတို့ ဇာတ်လမ်းပြီးသွားတယ်။ ဒီတစ်ခါ လုံးဝ အတည်"

"အေးတာပဲ၊ နောက်တစ်ယောက် ထပ်ထား၊ အို ရှုပ်ပါတယ် ကွာ ရည်းစားကို သုံးလေးယောက်ထားပစ်။ မိန်းမဆိုတာ ယူပြီးတော့မှ ပြန်လဲလို့ရတာ မဟုတ်ဘူး။ အခုကတည်းက လုံးဝ ကောင်းတာကို ရွေးပစ်ကွာ"

ဖုန်းသန့်နိုင်က အံကိုကြိတ်ကာ ဆိုသည်။

"ဘယ်လိုလဲ ငါ့ကောင်ကြီး အသည်းကွဲနေလား"

"အေးဆေးပါ"

တိုးကြီး၏အမေးကို သူ ပြုံးရင်းဖြေသည်။

"တကယ်ပြတ်တာရော ဟုတ်ရဲ့လား။ မင်းတို့ ပြတ်တယ်ဆိုတာကို ငါ သိပ်ယုံတာ မဟုတ်ဘူး။ ပြတ်တယ်ပြောပြီး နောက်ရက်ကျ ပြန်ပြန်တွဲနဲ့ မျက်စိလည်လွန်းလို့ကွ"





ဖုန်းသန့်နိုင်က ခေါင်းကိုကုတ်ရင်း ဆိုသည်။ သူ ပြုံးရင်း ခေါင်းကို အသာညိတ်ပြဖြစ်သည်။

"ငါ့ဘက်က ပြတ်ပြီလို့ မင်းတို့ကို ငါ ဘယ်တုန်းက ပြောဖူးလို့လဲကွာ၊ အခုတစ်ခေါက်က ငါ့ပါးစပ်ကနေ ပြတ်ပြီလို့ ပြောတာမို့လို့ ယုံလိုက်တော့"

သူ မချိပြုံး ပြုံးရင်း ဆိုဖြစ်သည်။

"ကောင်းတယ်ကွာ၊ ကောင်မလေးက ခပ်ရှုပ်ရှုပ်ရယ်၊ မင်းမို့လို့ပဲ သည်းခံပြီး ချစ်နေတာ။ သူ့လို ခဏခဏခြိမ်းခြောက်ပြီး ရည်းစား အပြိုင်ခိုးထားတတ်တဲ့ မိန်းမမျိုးနဲ့ ငါသာဆို ပြတ်တာ ကြာပြီ"

တိုးကြီးက မျက်နှာကိုမဲ့ရင်း ဆိုသည်။

"မင်း ကောင်မလေးက အရင်လိုပဲ မင်းမသိအောင် ရည်းစား ခိုးထားပြန်တာပဲလား"

နိုင်ကြီးက မျက်မှန်ကြီးကုတ်ကာ ဆိုသည်။ သူ ခေါင်းကို ခပ်လေးလေးပင် ညိတ်ပြဖြစ်သည်။ တစ်လက်စတည်းပင် နိုင်ကြီးက–

"မင်းကောင်မလေးကို လုသွားတဲ့ကောင်ကိုရော မင်း လိုက် မသတ်ချင်ဘူးလား ဝေယံ။ ဘာရယ်မဟုတ်ဘူး မေးကြည့်တာ"

ဟု မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



“မသတ်ချင်ပါဘူးကွာ၊ အဲဒီကောင်မလေးနဲ့တွဲတာ တစ်လမပြည့်ခင်မှာ သူ့ကိုယ်သူ သတ်သေချင်လာလိမ့်မယ်”

ပြောရင်း သူရယ်ဖြစ်သည်။ သကောင့်သားနှစ်ကောင်ကပါ လိုက်ရယ်ကြသည်။ တိုးကြီးက-

“မင်း အဲဒီလို စိတ်ပြေလက်ပျောက် နေတတ်နေလို့ တော်သေးတယ်”

ဟု ဆိုသည်။

“နေတတ်ပါတယ်ကွာ၊ ရည်းစားနဲ့ကွဲလို့ အရက်သောက်မယ်တို့၊ ဝူးဝူးဝါးဝါး လုပ်မယ်တို့ ဆိုတာတွေက ကလေးတွေ လုပ်တာပါကွာ၊ ငါ့အသက် ငါ့အရွယ်ကြီးနဲ့ ဒီလိုပဲ ရအောင် နေရတော့မှာပေါ့။ ခဏခဏ ပြဿနာတက်ပြီး ခဏခဏ ပြတ်ထားတော့ လူက လေ့ကျင့်ထားသလိုဖြစ်ပြီး ခံနိုင်ရည် ရှိနေတယ်”

“ချေးထွက်များထားလို့ သွေးထွက်နည်းတာမျိုးပေါ့ကွာ”

သူ၏ စကားအဆုံးမှာ တိုးကြီးက ‘ခွီး’ခနဲ ရယ်ရင်း ဆိုသည်။ သူပါ ရောရယ်ဖြစ်သည်။ ခဏခဏ ရင်နာရလွန်းတော့လည်း နှလုံးသားက အသားမာတက်သွားပြီထင့်။ သိပ်မနာကျင်တတ်တော့။





“ဒီလို ဒဏ်ရာပေးတတ်တဲ့ ကောင်မလေးတွေနဲ့ချည်းပဲ တွေ့နေရင် ဒီကောင့်ကို မိန်းမယူဖို့ တစ်သက်လုံးတိုက်တွန်းလို့ ရတော့မှမဟုတ်ဘူး တိုးကြီးရေ။ ခဲမှန်ဖူးတဲ့ စာသူငယ်လို ဖြစ်နေလောက်ပြီ”

နိုင်ကြီးက သူ့ကိုမေးငေါ့ရင်း တိုးကြီးကို ဆိုသည်။

“ငါလည်း ဒီကောင့်ရှေ့မှာမို့လို့ မိန်းမယူဖို့ကို ဟန်တလုံးမန်တလုံးနဲ့သာ ပြောနေရတယ်။ ယောက္ခမအိမ်မှာ ကပ်နေရတာ စိတ်ကျဉ်းကျပ်တယ်ကွာ။ ယောက်ဖတွေကလည်း သူတို့အစ်မနဲ့ ရထားတဲ့ ငါက ပုံမှန်အလုပ်မရှိတော့ သိပ်မကြည့်ချင် မလေးစားချင်ကြဘူးကွ”

အသည်းရောင်အသားဝါဘီပိုး ရှိသည်မို့ လောလောဆယ် နိုင်ငံခြားကို ပြန်မသွားနိုင်သေးသော၊ ဘာအလုပ်မှလည်း ရတ်တရက် မလုပ်ဖြစ်သေးသော တိုးကြီးက ခပ်ညည်းညည်း ဆိုသည်။

နိုင်ကြီးက-

“တစ်လပျော်ချင် မိန်းမယူလို့သာဆိုတယ်။ တစ်လတောင် မပြည့်သေးဘူး အခု ညည်းညူနေရပြီ မဟုတ်လား”

ဟု ဆရာကြီးလေသံဖြင့် ဆိုသည်။

“အေးလေ ပုံမှန်ဝင်ငွေမှ မရှိတာကိုး”



www.burmeseclassic.com

www.burmeseclassic.com



သီဟတိုးကတော့ ရွှံ့နှိမ့်သူလေသံဖြင့် သံဝေဂရသလို ဆိုသည်။ သူတို့အားလုံး သက်ပြင်းကိုယ်စီချဖြစ်ကြသည်။





"ဟဲလို ဝေယံရေ"

"အေး သူငယ်ချင်းပြော"

"ငါ့ဖုန်းကို ပြန်ခေါ်ပေးစမ်းပါကွာ၊ ဖုန်းထဲမှာ ပိုက်ဆံမရှိတော့လို့"

"အိုကေ အိုကေ"

စကားကို ခပ်သုတ်သုတ်ပြောကာ ဖုန်းချသွားသော တိုးကြီးကို သူ ဖုန်းပြန်ခေါ်ဖြစ်သည်။ ဖုန်းဝင်ဝင်ချင်း သကောင့်သားက 'ဟဲလို'ဟု ထူးသည်။

"အေး တိုးကြီးပြော"

"မင်း အခု အိမ်မှာရှိနေလား ဝေယံ၊ ဘယ်မှ မသွားနိုင်လာခဲ့မလို့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ရှိတယ် သူငယ်ချင်း လာခဲ့လေ"

သူ 'လာခဲ့'ဟု ဆိုဖြစ်သည်။

"လာတာက ကိစ္စမရှိဘူး ရောက်ကာနီးကျ ငါ မင်းကို ဖုန်း Miss Call ခေါ်လိုက်မယ် တိုက်အောက်ဆင်းလာခဲ့။ ငါ့မှာ Taxi ခ ပါမှာမဟုတ်ဘူး"

"သြော်... အေး... အိုကေ သူငယ်ချင်း"

"ဒါပဲကွာ ဝေယံ"

"အေး အေး"

ဖုန်းချပြီးနောက် သူ စဉ်းစားခန်းဝင်ဖြစ်သည်။ သကောင့်သား ဘယ်လိုဖြစ်ပါလိမ့်။ ရောက်မှပဲ သိတော့မည်။

သိပ်ကြာကြာတော့ မစောင့်လိုက်ရ။ သကောင့်သားဆီက ဖုန်း Miss Call ပေးလာသည်မို့ သူ အိမ်အောက်ဆင်းခဲ့ဖြစ်သည်။ သူလည်း အိမ်အောက်အရောက် ကားလည်းရောက်လာသည်။

"ရော့ သူငယ်ချင်း"

ကားခ ဘယ်လောက်ကျမှန်း မသိသည်မို့ တစ်သောင်းတန် တစ်ရွက်ကို သူထုတ်ပေးဖြစ်သည်။ တိုးကြီးက ကားဆရာကို ကားခရှင်းပြီး ပိုငွေကို သူ့ဆီပြန်ပေးသည်။

"လာကွာ ဝေယံ အိမ်ပေါ်ရောက်မှ ငါပြောပြမယ်"

ပြောပြောဆိုဆိုပင် ၎င်းက သူ့ရှေ့မှနေ အိမ်ပေါ်ကို





တက်သည်မို့ သူ့နောက်က အမီလိုက်ရသည်။ အိမ်ထဲရောက်သည်နှင့် ဆရာသမားက ထိုင်ခုံမှာ ခြေပစ်လက်ပစ်ထိုင်သည်။

"ဝေယံရေ လူပျိုဘဝပဲ ကောင်းတယ်ကွ၊ ဘယ်တော့မှ မိန်းမ မယူနဲ့။ တော်တော်အာရုံနောက်တယ်"

ဆိုင်းမဆင့် ဗုံမဆင့်ပင် ပြောချလိုက်သော သကောင့်သား၏ စကားကြောင့် သူ ဘာပြန်ပြောရမှန်းမသိ။ ရှေ့တစ်လောက တော့ သူ့ကို မိန်းမယူရန် နေ့စဉ်တွန်းအားပေးခဲ့သူက အခုတော့ 'လူပျိုဘဝပဲ ကောင်းတယ်'ဟု ဆိုနေပြန်သည်ကိုး။ ၎င်း မိန်းမ ယူထားသည်က နှစ်ဝက်ပင် မရှိသေး။

"ဘယ်လိုဖြစ်တာလဲကွာ"

"ယောက္ခမအိမ်ပေါ်က ဆင်းလာတာ"

သူ၏အမေးကို သကောင့်သားက ခပ်ဆတ်ဆတ်ပင် ဖြေသည်။ ပြီး ဘာမပြောညာမပြောဖြင့် 'တောက်'ခနဲ တက်ကို အကျယ်ကြီး ခေါက်လိုက်သည်မို့ သူ လန့်ပင်သွားရသည်။

"အစောကြီးကတည်းက အိမ်ခွဲနေခဲ့ရင်လည်း ကောင်းသား။ သူက သူ့မိဘတွေနဲ့ မခွဲနိုင်ဘူးလုပ်နေတော့ ငါ့ဘက်က အလျှော့ပေးခဲ့တာ။ အဲဒါ မှားတာပဲ"

ဒေါကန်ကန်ဖြင့် တိုးကြီးကဆိုသည်။ အကျိုးအကြောင်း မေးနေပြန်လျှင်လည်း အနာကို အသစ်ကပြန်ဆွသလို ဖြစ်နေမည်မို့



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဆိတ်ဆိတ်ပင် နှုတ်ပိတ်ကာ နေဖြစ်သည်။

"ကဲပါကွာ နားလိုက်ပါဦး။ ညနေကျမှ ဟိုကောင် ဖုန်းသန့်နိုင်ကိုပါ လှမ်းခေါ်ပြီး ပြောကြရအောင်"

သူ့စကားအဆုံးမှာ တိုးကြီးက ထိုင်နေရာမှ ထရပ်ရင်း သူ့ အခန်းဘေးမှ အခန်းလွတ်ဆီ လျှောက်ကာသွားသည်။ ငှင်းလှုပ်ရှားဘဝကတည်းက သူ့အိမ်မှာ အမြဲလာနေကျ၊ အိပ်နေကျမို့ ဘယ်အခန်းတွေက အလွတ်ဆိုတာ သကောင့်သားက သိပြီးသားဖြစ်သည်ကိုး။ ဘာရယ်မဟုတ် သူ ခေါင်းကိုခါဖြစ်သည်။





The women cries before the wedding and the man after.

အမျိုးသမီးများသည် လက်မထပ်ခင်မှာ ငိုယိုကြ၍ ယောကျ်ား များကတော့ လက်ထပ်ပြီးနောက်မှာ ငိုယိုကြ၏။

**Polish Proverb**



www.burmeseclassic.com

www.burmeseclassic.com



စားကြသောက်ကြရင်း သူတို့သုံးကောင် စကား ပြော ဖြစ်သည်။

“ပိုလန်စကားပုံက တကယ်မှန်တယ်ကွာ”

နိုင်ကြီးက ခပ်ငူငူငိုင်ငိုင်ဖြစ်နေသော သီဟတိုးခေါ် တိုးကြီး ကိုကြည့်ရင်းက ပြုံးစိစိဖြင့် ဆိုသည်။

“အင်း ဆိုစမ်းပါဦးကွ”

သူလည်း ပြောင်စိစိနှင့်ပင် စကား ထောက်ပေးဖြစ်သည်။

“မိန်းမများက လက်မထပ်ခင်မှာ ငိုကြပြီးတော့ ယောကျ်ား တွေကကျတော့ လက်ထပ်ပြီးနောက်ပိုင်းမှ ငိုကြတယ်တဲ့ကွ”

“ငါက ငိုနေလို့လား”

နိုင်ကြီး၏ စကားမဆုံးခင်မှာ မောင်သီဟတိုးက ခပ်ငေါက်





ငေါက်ပင် ပြန်၍ဆိုသည်။ သကောင့်သား၏ သုန်မှုန်နေသောမျက်နှာ ကိုကြည့်ကာ သူရော နိုင်ကြီးပါ ရယ်ချင်ပက်ကျိဖြစ်နေရသည့် ကြားက ပိုလို့တောင် ရယ်ချင်ကာလာသည်

“ငိုတော့ မငိုပေမယ့် ငိုနေသည့်အလား ဖြစ်နေလို့ပေါ့ကွာ။ ကဲပါ… အဲဒါကို အသာထားပြီး ဘယ်လိုဖြစ်တယ်ဆိုတာလေး ပြောပါဦးကွာ”

ဟု သူဆိုဖြစ်သည်။

“ငါ့မိန်းမ သဇင်ဝါပေါ့ကွာ။ တကယ် လက်ဖွာတယ်ကွ။ သူ့အမျိုးတွေကို ပေးလို့ ပြောတာမဟုတ်ဘူး။ တချို့နေရာတွေကျ တော့လည်း မသိချင်ယောင်ဆောင်သင့်တာ ဆောင်မှပေါ့။ အခုတော့ မဟုတ်ဘူး စီးပွားပျက်လောက်တယ်ကွာ ဆွေတော်တစ်သောင်း မျိုးတော်ပေါင်းကို ပေးလို့ကို မဆုံးနိုင်ဘူးကွာ။ တကယ်အံ့သြဖို့ ကောင်းတယ်”

“တော်တော်အံ့သြသွားတယ်ပေါ့”

ရုတ်တရက်ကြီး နောက်မှထ၍ဆိုလိုက်သော စကားသံ ကြောင့် သူတို့သုံးယောက်စလုံး နောက်လှည့်ကြည့်လိုက်တော့ သီဟတိုး၏ ချစ်ဇနီး သဇင်ဝါဖြစ်ကာနေသည်။

သဇင်ဝါက သူတို့နောက်မှာ ခါးကြီးထောက်ကာ ဒေါသ တကြီးဖြင့် တိုးကြီးကို ကြည့်ကာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ… ငါ့ကို လိုက်ခေါ်တာလား၊ တစ်ခါတည်း ပြောလိုက်မယ်။ လုံးဝ ပြန်မလိုက်ဘူး မှတ်ထား"

"ကျေးဇူးတင်လိုက်တာရှင်"

"ဘာကွ"

သဇင်ဝါ့စကားကြောင့် တိုးကြီးခမျာ အမူးပြေသွားလေသလား မသိ။ 'ဘာကွ' ဟု ထအော်သည်။

"အမှန်အတိုင်းပြောရရင် ကျွန်မက ရှင့်ကိုမမြင်ဘူး။ ကိုဝေယံနဲ့ ကိုဖုန်းသန့်နိုင်ကိုမြင်လို့ လာနှုတ်ဆက်တာ။ ဒီရောက်တော့မှ ယောက်ျားကြီးတန်မဲ့ မိန်းမရဲ့အတင်းပြောနေတဲ့ ရှင့်ကိုတွေ့တာ။ ကျွန်မကလည်း တစ်ခါတည်း ပြောလိုက်မယ် ရှင်ပြန်လာချင်ပါတယ်ဆိုတာတောင် ပြန်မလာခဲ့နဲ့ ဒါပဲ"

"မလာဘူးကွာ မလာဘူး"

'ဒါပဲ' ဟုဆိုရင်း ချာခနဲလှည့်ထွက်သွားသော ဇနီးဖြစ်သူ သဇင်ဝါကို တိုးကြီးက 'မလာဘူးကွာ' ဟု အာလေးလျှာလေးဖြင့် ဆိုသည်။ ဘာရယ်မဟုတ် သူနှင့် နိုင်ကြီးတို့ တစ်ယောက်ကို တစ်ယောက်ကြည့်ရင်း ခေါင်းကုတ်ဖြစ်ကြသည်။ ကြားနှစ်ကြား ဆိုသည်ကလည်း ဝင်ကောင်းသောအရာမဟုတ်။

"အလကားမိန်းမ စေတနာကို နားမလည်ဘူး။ စည်းမရှိကမ်းမရှိ ဟိုပေးသည်ပေးလုပ်လိုက်ရင် မွဲသွားမှာပေါ့။ တော်တော်





လက်ဖွာတယ် ငါ့ဘက်ကအမျိုးတွေကျ တစ်ပြားမှ မကျဘူး၊ သူ့ဘက်ကအမျိုးတွေပဲ တစ်ဖြုန်စ်ဖြုန် ဝိုင်းယူကြတာ"

အရက်တွေလာပြီမို့ သကောင့်သားက အသားကုန် ရင်ဖွင့်သည်။ ဘီယာအနည်းငယ်မျှသာ သောက်ဖြစ်သော သူနှင့် နိုင်ကြီးတာတော့ နားထောင်ပေးရုံသက်သက်မျှသာ။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အိမ်နှင့် နိုင်ကြီး၏အိမ်က သိပ်အဝေးကြီး မဟုတ်သည်မို့ နိုင်ကြီးက နံနက်စာစားရန် သူနှင့်သီဟတို့ကို လာနှိုးသည်။

သူက အဆင်သင့်ဖြစ်နေသော်လည်း အရက်နာကျနေရှာသော တိုးကြီးကတော့ အိပ်ရာမှ ကမန်းကတမ်းထကာ လေးတိလေးကန်ဖြင့် ရေချိုးခန်း ဝင်သည်။ နိုင်ကြီးက သူ့နားကပ်ကာ လေသံတိုးတိုးဖြင့်–

"ကဲ ဘယ်လိုလုပ်ကြမလဲ"

ဟု မေးသည်။

"မပြောတတ်တော့ပါဘူးကွာ"

သူ ခေါင်းကိုကုတ်ရင်း ရယ်ကျဲကျဲဖြင့် ဆိုဖြစ်သည်။

"ဒီလိုပါပဲကွာ၊ လင်နဲ့မယားဆိုတာ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်ပါပဲ။ ငါဆို ဒီလိုနဲ့ပဲ ကလေးနှစ်ယောက်တောင်ရပြီ"

နိုင်ကြီးက ဟက်ခနဲ ရယ်ရင်း ဆိုသည်။ အတော်ကြာတော့မှ–



www.burmeseclassic.com

www.burmeseclassic.com



"အရက်နှာကျပြီး ခေါင်းက ကိုက်တိုက်တိုက်ပဲကွ"

တိုးကြီးက ပြောပြောဆိုဆို သူတို့နား ရောက်လာသည်။ ထိုစဉ်မှာပင် သူမွေးထားသောကြောင်လေး 'ရွှေခဲ'က သူ့ခွပ်ကျယ် အင်္ကျီကို ကိုက်ချီကာ ဆော့ကစားနေသည်။

"အာ… ဒီကြောင်ကတော့ ငါ့အင်္ကျီကို ဆော့ပြန်ပြီ၊ ဒီကောင်နှိပ်စက်လို့ အင်္ကျီတွေ၊ ဘောင်းဘီတွေလည်း ပြဲပေါင်း စုတ်ပြတ်ပေါင်း မနည်းတော့ဘူး"

သူ စိတ်တိုတိုဖြင့် ရေရွတ်မိသည်။

"ကဲပါ လူပျိုကြီးရယ်၊ တိရစ္ဆာန်ပဲ ဘယ်နားလည်ပါ့မလဲ၊ လားထိုင်စမ်းပါ။ ကြောင်ဆိုတာ အဲဒီလိုပဲ တစ်ခုခုတော့ ဆော့ နေရမှ"

နိုင်ကြီးက သူ့ကို 'လူပျိုကြီး'ဟု တစ်လက်စတည်း နှိပ်ကွပ် ရင်း ဆိုသည်မို့ သူ အောင့်သက်သက်ဖြင့် ခံလိုက်ရသည်။ တိုးကြီး က ခေါင်းကိုကိုင်ရင်းက-

"ကဲ ခေါင်းကိုက်လို့ သွားကြမယ်ကွာ စကားမများကြနဲ့"

ဟု ရေရွတ်ကာ ရှေ့မှနေ အိမ်ပြင်ကိုထွက်သည်။





Men exist for the sake of one another. Either teach them or bear with them.

လူဆိုသည်ကား တစ်ဦးအကျိုး တစ်ဦးသယ်ပိုးရန် ဖြစ်လာကြ၏။ မသိတာရှိက သင်ပြရသလို နေထိုင်တော့လည်း အေးအတူ ပူအမျှ ဖြစ်ရမည်။

**Marcus Aurelius Antoninus**



www.burmeseclassic.com

www.burmeseclassic.com



"လင်မယားဆိုတဲ့လူတွေက ဒီလိုပဲ အေးအတူပူအမျှ နေကြရတာပဲကွ၊ ပြဿနာဆိုတာကလည်း လင်မယားကြားမှာ တစ်ခုမဟုတ်တစ်ခု ပေါ်နေတော့တာ။ ဆုံးကို မဆုံးတော့ဘူး"

နိုင်ကြီးက နံနက်စာစားရင်း "လက်ဖက်ရည်ဆိုင်ထဲမှာ ငြိမ်းချမ်းရေးတရား ဟောသည်။ တိုးကြီးကတော့ ဘာစကားမှမဆို မုန့်ကိုသာ လိုမ့်စားလို့နေသည်။ ဘာဆိုဘာမှ ပြန်မပြော။

"လင်နဲ့မယား လျှာနဲ့သွား ပေါ့ကွာ"

"အဲဒီလျှာနဲ့သွားကို မကိုက်ချင်တော့တာကွာ။ မင်း အသာနေစမ်းပါ ဝေယံရ။ မိန်းမတွေအကြောင်း ဘာသိလို့ ပြော နေတာတုန်း။ ဒီကောင်နိုင်ကြီးကို မေးကြည့် မိန်းမဆိုတာမျိုးက ရည်းစားဘဝက အကြာကြီးကိုယ်မသိထားတဲ့ အကျင့်တွေကို





ယူပြီးရပြီးမှ သိရတာမျိုးကွ လူပျိုကြီးရ။ နားလည်းမလည်ဘဲနဲ့"

ပြေရာပြေကြောင်း အေးရာအေးကြောင်း ဆိုလိုက်ကာမှ ဝက်ခနဲဆိုချလိုက်သော သကောင့်သား၏စကားကြောင့် သူ ခပ် သွက်သွက်ပင် ကိုယ့်ပါးစပ်ကို အောင့်သက်သက်ဖြင့် ဖိထားလိုက်ရ သည်။

အီလည်လည်ကြီး ဖြစ်သွားသော သူ့ကို နိုင်ကြီးက ကြည့်ရင်း 'ခွီး'ခနဲ ရယ်သည်။ ပြီး ခေါင်းကိုညိတ်သည်။

"အဲဒါတော့ဟုတ်တယ် လူပျိုကြီးရေ။ ရည်းစားသက်တမ်း သုံးလေးနှစ်အတွင်းမှာ ကိုယ်ကတော့ အတွင်းသိ အဆင်းသိဖြစ်လှပြီ ထင်နေတာ။ တကယ်တမ်း အိမ်ထောင်ကျပြီး အတူနေရတော့မှ လုံးဝ ကိုယ်မသိထားတဲ့ အထာအသစ် အကွက်အသစ်တွေ ထွက် လာတာ ဆရာရေ... ထင်မထားတဲ့ အကွက်တွေချည်းပဲ"

နိုင်ကြီး၏ ထောက်ခံစကားက ရင်ဖွင့်စကားဆန်ကာ နေ သည်။ သက်တူရွယ်တူတွေဟု ဆိုသော်လည်း ဝါအရ သူတို့က အိမ်ထောင်သည်များမို့ သူတို့ဆရာလုပ်သမျှကို ဘလိုင်းကြီး ငြိမ်ခံ နေရသည်။

"တကယ်တမ်းကျတော့ မိန်းမဆိုတာ ရည်းစားဘဝ လောက်ပဲ ကောင်းတယ်ကွ ဘယ်တော့မှ မိန်းမ မယူနဲ့ငါ့ကောင်။ လူပျိုကြီးပဲ လုပ်..."



www.burmeseclassic.com

www.burmeseclassic.com



တိုးကြီးက ပေါက်ကွဲလက်စဖြင့် ဆိုပြန်သည်။ နိုင်ကြီးက-

"ကဲပါ… မိန်းမ မယူဖို့ချည်းပဲ ပြောနေတာနဲ့ ငါတို့ရဲ့ လူပျိုကြီးက ငါတို့ အိမ်ထောင်သည်နှစ်ကောင်ကို ကြည့်ပြီး မယားစိတ် သားစိတ်တွေ ကုန်နေပါဦးမယ်"

ဟု အရယ်တစ်ဝက်ဖြင့် ဆိုသည်။ တိုးကြီးက-

"သားစိတ် မယားစိတ် ကုန်တာပဲကောင်းတယ်။ ငါက အိမ်ထောင်သည်ဘဝကို တကယ်မသိလို့ သိရင် မိန်းမ မယူဘူး"

"ယောက်ျားပဲယူမှာ"

"ဟုတ်ပ၊ အေးရာအေးကြောင်း… အာ… ဘာတွေလာ ပြောနေတာလဲ နိုင်ကြီးရာ။ စိတ်လေရတဲ့အထဲမှာ"

နိုင်ကြီး၏ ရွတ်နောက်နောက်စကားကို ယောင်ကာ ဖော်လိုလိုက်ပြီးကာမှ 'အာ'ဟု ခေါင်းကို ကုတ်သည်။

"အဲဒါနဲ့ပဲ လိုရင်းက ပျောက်တော့မယ်။ မင်းမိန်းမ သဇင်ဝါနဲ့ မင်းက ဘယ်လိုလုပ်ပြီး ပြဿနာတက်ကြတာတုန်း"

သူ၏ အမေးကြောင့် တိုးကြီးက 'ဒီလိုကွ'ဟု အစပြုသည်။

"ဒီလိုကွ… ငါ့မိန်းမက အကျီပဲဝယ်ဝယ်၊ ရွှေးတို့ မိတ်ကပ်တို့လိုပစ္စည်းပဲဝယ်ဝယ် ပိုပိုဝယ်တယ်ကွ။ အကြောင်းက သူ့ဝမ်းကွဲညီမတွေ ပေးဖို့တဲ့။ ငါ… ဘာမှ မပြောပါဘူး"

"ခယ်မတွေအတွက်ပဲကွာ ဘယ်ပြောလို့ကောင်းမလဲ"





တိုးကြီး၏စကားအဆုံးမှာ သူ ရယ်ကြဲကြဲဖြင့် ဆိုဖြစ်သည်။

"အခုဟာကကွာ အိမ်မှာအတူနေတဲ့ ယောက်ဖတွေ လက်ဖြန့်ရင်လည်း တောင်းသလောက်ကို ပေးနေတော့တာ"

"ဒါတော့ ပြောရမှာပေါ့။ ငါ့လည်း ယောက်ဖတွေဆိုရင် အလိုလိုနေရင်းကို မေတ္တာတုံးနေတာ။ စေတနာကို မရှိဘူး"

နိုင်ကြီးက ပြောင်ချော်ချော်ဖြင့် ထောက်ခံစကားဆိုသည်။

"စဉ်းစားကြည့်ကွာ။ ငါ နိုင်ငံခြားပြန်မသွားဖြစ်လို့ ဝင်ငွေ က ရှိတာ မဟုတ်ဘူး။ နှစ်ဖက်မိဘဆီကလည်း လက်ဖြန့်လို့က မကောင်းဘူးလေ။ ငါ အရင်က ရှာထားတာလေးတွေ စုပြီး Taxi သုံးစီးထောင်ပြီး ရတာနဲ့ စားနေရတာ။ ညနေ ညနေ အုံနှာခက မရသေးဘူး သူ့မှာ သုံးဖို့ဖြုန်းဖို့က အဆင်သင့်။ ငွေပိုငွေလျှံစုမိဖို့ ဆိုတာ အဝေးကြီး။ ကြာလာတော့ ငါလည်း ပြောမိရော။ အဲဒီမှာ သူ့မောင်တွေကို မသထာဘူးလား၊ သူက အစ်မကြီးအမိရာတွေရော ပြောဆိုပြီး… လင်မယားနှစ်ယောက် ပြဿနာတွေ ကြိတ်ဖြစ်နေကြ တာ"

"ဒီတော့ မင်းအခု ယောက္ခမအိမ်ပေါ်က ဆင်းလာတာ မင်း မိန်းမကလွဲရင် ကျန်တဲ့လူတွေ မသိဘူးဆိုပါတော့"

"မသိကြဘူး ခရီးထွက်မယ်လို့ပဲ ပြောခဲ့တာ"

သူ၏အမေးကို တိုးကြီးက ချက်ချင်းပြန်ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယောက္ခမအိမ် ပြန်တက်လို့လှအောင်တော့ လုပ်ခဲ့သားပဲ"

နိုင်ကြီးက ဟက်ခနဲရယ်ရင်း ဆိုသည်။ တိုးကြီးကတော့ မကြားယောင်ပြုကာ ၄င်းရှေ့မှာရှိသော ဖန်ခွက်ထဲမှရေကို 'ဂွတ်' ခနဲ သောက်သည်။ ပြီး… သက်ပြင်းကိုချသည်။

"မင်းမသိလို့… ယောက္ခမအိမ်ကဆင်းတာ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဒီဖုန်းလေးပဲပါလာတာ။ Taxi ခတောင်မရှိလို့… ဒီကောင့်အိမ်ရှေ့ရောက်မှ ဒီကောင်ဆီးပြီးရှင်းပေးရတာ။ ဖုန်းဘေလ်ကလည်း ကုန်နေလို့ ဒီကောင်ပဲ ဝယ်ဖြည့်ထားပေးတာ"

"Taxi အုံနာက Taxi ခလေးတောင် မရှိရှာဘူး။ တော်တော်သနားစရာကောင်းတာပဲ"

တိုးကြီး၏ စကားအဆုံးမှာပင် နိုင်ကြီးက ငိုမဲ့မဲ့စတိုင်လ် အိုဗာဖြစ်အောင်လုပ်ရင်း ဆိုသည်။ တိုးကြီးက 'အတည်ပြောတာ' ဟု ဆိုသည်။

"ယုံပါတယ်ကွာ။ ကဲဒါနဲ့ မင်းဘာဆက်လုပ်မလဲ။ ငါလုပ်နေကြအကွက်တွေ သင်ပေးရမလား"

နိုင်ကြီး၏ ရွတ်နောက်နောက်စကားအဆုံးမှာ တိုးကြီးက–

"ဘယ်လိုလဲ"

ဟု ခပ်တည်တည်ဖြင့် မေးသည်။





"ဒီလိုပဲပေါ့ကွာ။ ဟိုဟာမေ့လို့ ပြန်ယူသလိုလို၊ ဒီဟာမေ့လို့ ပြန်ယူသလိုလိုနဲ့… ပြီးတော့ ထမင်းကျက်ပြီလား မိုက်ဆာတယ်ပေါ့"

"ဒါနဲ့ပဲ မင်းမိန်းမက ဆာနေတဲ့မင်းကို ကျွေးရောပေါ့"

"ထမင်း ထမင်း"

တိုးကြီး၏အမေးကို နိုင်ကြီးက 'ထမင်း ထမင်း' ဟု ပြောင်ချော်ချော်ဆိုသည်။ သူ ဟက်ခနဲရယ်ဖြစ်သည်။

"တစ်ခါတလေကျတော့လည်း မိန်းမကပဲ ဖုန်းဆက်လာတယ် ကလေးတွေ မေးနေတယ်ပေါ့။ အငယ်မလေးဖျားနေတယ်၊ ဆေးခန်းသွားမယ် ဒါမျိုးတွေပေါ့ကွာ။ တခြားအကွက်တွေလည်းရှိသေးတယ်"

နိုင်ကြီးက ရယ်ကျဲကျဲဖြင့် ဆိုသည်။

"ငါကတော့ မပြန်ဘူး Sorry ပဲ။ ဒီမိန်းမကို မှတ်လောက်သားလောက်အောင် ပစ်ထားလိုက်ဦးမယ်"

သီဟတိုးက ဇာတ်မင်းသားများ ပြောလေ့ပြောထရှိသော ဒိုင်ယာလော့မျိုးဖြင့် မျက်နှာကိုတင်းရင်း ဆိုသည်။

ထိုစဉ်မှာပင် ၄င်း၏ဖုန်းဝင်လာသည်မို့ တိုးကြီးက ဖုန်းကို ထုတ်ကာ ကြည့်သည်။ ပြီး လက်ခနဲပြုံးသည်။ ထို့နောက် ပြုံးတုံးတုံး ဖြစ်သွားသောမျက်နှာကို အနည်းငယ်ပြန်တည်လိုက်ရင်း–



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမဆီက ဖုန်း"

ဟု မလုံမလဲ ဆိုသည်။

"အေး ပြော"

ဖုန်းကို Speaker ဖွင့်ပြီးသကာလ လေသံခပ်မာမာဖြင့် 'အေး… ပြော'ဟု မိန့်မိန့်ကြီးဆိုသည်။

"မနက်ဖြန် မေမေ့မွေးနေ့နော်"

"အဲဒါ ငါက ဘာလုပ်ပေးရမှာလဲ"

သကောင့်သားက အထက်စီးလေသံဖြင့် ဆိုသည်။

"ပြန်မလာနိုင်ဘူး ဆိုပါတော့"

သဇင်ဝါ၏လေသံက စစ်ကြေညာသောအရာသံကဲ့သို့ ခပ်ထန်ထန် ရှိသည်။ သကောင့်သားတိုးကြီးက သူနှင့် နိုင်ကြီးကို မလုံမလဲ လှမ်းကြည့်ရင်း မျက်နှာ ကွက်ခနဲ ပျက်သည်။

"လျှာမရှည်နဲ့ ညနေပြန်လာမယ် ဒါပဲ"

'ဒါပဲ'ဟု လေသံခပ်မာမာဖြင့် ဖုန်းချပြီးသကာလ ဆရာသမားက သူနှင့် နိုင်ကြီးကို လှမ်းမကြည့်ရဲ။ တစ်ဖက်သို့ မျက်နှာလွှဲသည်။

သူနှင့် နိုင်ကြီးက 'ခွီး'ခနဲ ရယ်ဖြစ်ကြသည်။

"မင်းတို့နှစ်ကောင် ဘာရယ်တာလဲကွ"

တခွီးခွီးရယ်နေသော သူတို့နှစ်ကောင်ကို ဆရာသမားက





မလုံမလဲဖြင့် မေးသည်။ ပြီး ရှက်အမ်းအမ်းဖြင့် ခေါင်းကို ပွတ်သည်။

"မင်းရဲ့ ပြတ်သားမှုကို သဘောကျလို့ပါကွာ… ဘာတဲ့… လျှာမရှည်နဲ့… ဆိုတော့ ဖြိုးပြီလို့ထင်နေတာ… နောက်ဆက်တွဲက ညနေပြန်လာမယ်… ဒါပဲ… တဲ့။ ပြတ်သားလိုက်တာ သူငယ်ချင်း ရာ တကယ်လေးစားတယ် မင်းကို"

နိုင်ကြီးက ပြောရင်း ဟက်ခနဲ ရယ်သည်။

"မင်းရဲ့ အင်မတန်ခန့်ညားတဲ့ သြဇာနဲ့ ညနေ ပြန်လာမယ်၊ ဒါပဲလို့ ပြောလိုက်တဲ့ လေသံကို ကြားကြားချင်း မင်းမိန်းမတော့ ကြောက်ဒူးတွေတုန်ပြီး တော်တော်လန့်သွားမှာပဲနော်…"

"ခွီး"

သူပါ ပြောရင်းရယ်ဖြစ်သည်။

"မင်းလည်း မိန်းမရရင် သိလာပါလိမ့်မယ် ဝေယံရာ…"

သကောင့်သားတိုးကြီးက လေပြည်ဖြင့် ရှက်ဝဲဝဲ ဆိုသည်။ ဘာရယ်မဟုတ် သုံးကောင်သား ရယ်ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



A house without a woman is meadow without dew.

မိန်းကလေးမရှိသောအိမ်သည် နှင်းစက်မရှိသည့် စားကျက်တစ်ခုလိုပင်။

**Czech Proverb**



www.burmeseclassic.com

www.burmeseclassic.com



ဘော်ဒါသုံးယောက်စလုံး ဆုံချိန်။

သကောင့်သားနှစ်ကောင်က ထုံးစံအတိုင်း မိန်းမယူဖို့ မယူဖို့ကို ဆိုကြပြန်သည်။

"မိန်းမ ယူတော့ကွ ဝေယံရ၊ မင်းတစ်ယောက်တည်း နေရတာ မပျင်းဘူးလား။ မင်းရဲ့ Furniture ဆိုင်ကလည်း ဝန်ထမ်းတွေနဲ့ ပစ်ထားလို့ရနေတော့ မင်းက တော်တော့်ကို အားလပ်နေတာ။ မိန်းမသာရှိရင် မင်းဘဝ ပြည့်စုံပြီ၊ အားလပ်ပြီး အချိန်တွေ ပိုနေတာတွေ အားလုံး မိသားစုအတွက် အသုံးချလို့ရတယ်"

နိုင်ကြီးက ရှည်လျားစွာ ဆိုသည်။

"မင်းတို့က တစ်ဆိတ်ရှိ ဒါပဲ။ မင်းတို့မိန်းမနဲ့ အဆင်ပြေရင် မိန်းမယူတော့၊ မိန်းမနဲ့များ အဆင်မပြေဖြစ်ရင် လူ့ဘဝက





အငြိမ်းချမ်းဆုံးပဲ၊ ဘယ်တော့မှ မိန်းမ မယူတော့နဲ့ ငါ့ကောင်၊ လူ့ဘဝက အကောင်းဆုံး၊ အပူမရှာနဲ့ဆို…"

နိုင်ကြီး၏စကားကို သူ ပက်ခနဲ ပြန်၍ဆိုဖြစ်သည်။

"ဒါပေမယ့် ငါတို့ကလည်း အမြဲတမ်း အိမ်ထောင်သည်ဘဝ တစ်လျှောက်လုံး ရန်ဖြစ်နေကြမှာမှ မဟုတ်တာကွ။ ရန်ဖြစ်ရင်တောင်မှ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်နဲ့ ပျော်စရာကြီးကွ။ အဲဒီ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်အရသာကို မင်း မသိသေးပါဘူး ဝေယံရာ။ အဲဒါ ကြောင့် မိန်းမယူဖို့ ပြောနေတာ"

တိုးကြီးက လိုရာဆွဲကာ ဆိုသည်။

"တိုးကြီးပြောတာမှန်တယ် ဝေယံ ချက်စကားပုံတစ်ခုမှာ ပြောထားတာရှိတယ်။ မိန်းမ မရှိတဲ့အိမ်ဆိုတာ နှင်းစက် မရှိတဲ့ စားကျက်လိုပဲတဲ့ ခြောက်ကပ်ကပ်ကြီးလို့ ပြောချင်တာပေါ့ကွာ။ စိုစိုပြည်ပြည် မရှိတာပေါ့"

နိုင်ကြီးကပါ ဥပမာတွေ ဘာတွေနှင့် သူ့ကို တရားချသည်။

"အေးပါ… ငါ မိန်းမယူလိုက်တော့မှ မင်းတို့နှစ်ကောင် မင်းတို့ရဲ့ မိန်းမတွေနဲ့ ရန်ဖြစ်ရင် ပြေးစရာနေရာ မရှိဘဲနေဦးမယ်။ အဲဒါလည်း ခေါင်းထဲ ထည့်ထားကြဦး"

နောက်ဆုံးတော့ သူလည်း မနိုင် နိုင်ရာ ဆိုရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံးမှာတော့ သကောင့်သားနှစ်ကောင် အီလည်လည်ဖြင့် ပါးစပ်ပိတ်သွားကြသည်။ ဘာရယ်မဟုတ် သူ ပြောင်စိစိပင် ပြုံးဖြစ်သည်။





ကလေးဘောင်းဘီ၊ အင်္ကျီနှင့် အခြား တိုလီမုတ်စများ ထည့်ထားသည့်ခြင်းကို ဆွဲထားသည့် 'ရန်ဖြစ်လိုက် ပြန်ချစ်လိုက် အရသာကို မင်း မသိသေးပါဘူးကွာ' ဟု ကြွေးကြော်ထားသော နိုင်ကြီးတစ်ယောက် ကလေးနှစ်ယောက်ကိုခေါ်၍ သူ့အိမ်ရောက်ချလာသည်။ ပါးစပ်တော့ ပွစိ ပွစိ။

"ဒီတစ်ခါတော့ လုံး၀ အပြတ်ပဲ။ တောက်… တွေးလေ ဒေါသထွက်လေပဲ… ဝေယံရေ၊ ဘယ်တော့မှ မိန်းမ မယူနဲ့ကွ၊ လူ့ပျိုဘ၀ပဲ နားအေးတယ်။ အပူအပင် နည်းတယ်ကွ…"

'လုပ်ပြန်ပြီ' ဟု သူတွေးမိသည် ရောက်လာပြန်တော့လည်း ဖုန်းပင် ကြိုတင်မဆက်။

"မင်းတို့ပြောတော့ ရန်ဖြစ်လိုက်ပြန်ချစ်လိုက် အရသာကို



www.burmeseclassic.com

www.burmeseclassic.com



မင်း မသိပါဘူးဆို အခု အဲဒီအရသာကို မကြိုက်တော့ပြန်ဘူးလား”

ဆိုဖာပေါ်မှာထိုင်ရင်း ကလေးကို ချော့သိပ်နေသည့် နိုင်ကြီးကို သူ ရွှတ်ရွှတ်နောက်နောက် ဆိုဖြစ်သည်။ နိုင်ကြီးသား အကြီးကောင်က သူ၏ ကြောင်ကလေးနှင့် ဆော့ကာနေသည်။

“သားလေး ကြောင်နဲ့မဆော့နဲ့ ကြောင်ကုတ်ထားဦးမယ်။ တခြားဟာဆော့၊ ဖေဖေပြောတာကြားလား သားလေး”

“ဟုတ်ကဲ့”

နိုင်ကြီး၏ စကားကို ၄င်း၏သားက နာခံသည်။ ‘ဟုတ်ကဲ့’ဟု ဆိုပြီးသည်နှင့် ဆိုဖာပေါ်မှာ ကျွမ်းစထိုးသည်။ ပြီး ဆိုဖာပေါ်မှ ခေါင်းအုံးငယ်တွေကို ဘောလုံးသဖွယ် ကန်ချသည်။

“တွေးလေ ဒေါသထွက်လေပဲ ရော့ဝေယံ ငါ့သမီး ခဏ ချီထားပေးဦး Toilet သွားဦးမယ်။ သေချာချီထားနော် ပြုတ်ကျလို့က တော့ မင်း အသတ်ခံရမယ် လူပျိုကြီး”

“မင်းသား အကြီးကောင်တုန်းကလည်း မင်းတို့ လင်မယား ရန်ခဏခဏဖြစ်တိုင်း ငါပဲ ချီပြီး ခဏခဏ ထိန်းခဲ့ရတာပါကွာ အပိုတွေ မပြောစမ်းပါနဲ့”

ကလေးကို လှမ်းယူရင်း ၎င်း ဆိုဖြစ်သည်။

“သမီးလေးရေ ဦးဦးဂေါ်မဇ္ဇဆီမှာ ခဏနေဦးနော်”





ဆရာသမားက အနှောင့်အသွားမလွတ်သော စကားကို ဆိုရင်း အိမ်နောက်ဖက်သို့ သွားသည်။ ကလေးလေးကတော့ ဘုမသိ ဘမသိပင် သူ့ကို ပြုံးပြသည်။

“ဦးဦး”

“ဗျာ”

ကိုယ်ကသွားလိုက် သူတို့သားအဖတွေ ဒေါက်နဲ့တိုင်း လာလိုက်နှင့်မို့ နိုင်ကြီး၏ သားအကြီးကောင်နှင့် သူနှင့် အတော် လေး ရင်းနှီးပြီးသား သူ့ကို ပြောရဲဆိုရဲနှင့် ခင်ရှာသည်။

“ဦးဦး အိမ်မှာက ဘောလုံးလည်း မရှိဘူး”

“အေးကွာ နောက်ကျ ဦးဦးဝယ်ထားပေးမယ်နော်”

“သေနတ်ကော ဝယ်ထားပေးနော် ဦးဦး”

“အေးပါကွာ ဝယ်ထားပေးမှာပေါ့”

“ဟေး… ဒါမှ ဦးဦးကွ”

ကလေးက ‘ဟေး’ဟုအော်ရင်း ဆိုဖာခုံပေါ်မှာ ခုံပေါက် ကာနေသည်။ ပြီး ဂျွမ်းထိုးပြန်သည်။ ထို့နောက်–

“ဂိုး”

ဟုအော်ကာ ဆိုဖာပေါ်မှ ခေါင်းအုံးငယ်တွေကို အသားကုန် ကန်သည်။

“ဒီမျောက်မူးလဲလေးနဲ့တော့ ငါ ခေါင်းတောင်ကိုက်လာပြီ”



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြီး၏ သားအကြီးကောင်ကို ကြည့်ရင်း သူ ခေါင်းမူး ကာလာသည်။ ထိုစဉ်မှာပင် အငယ်မလေးက သူ့အပေါ် ရှူး ပေါက်ချသည်။

"ဟ… ဟ… ရှူးပေါက်ချပြီကွ"

မျက်နှာကြီးရှုံ့တွကာ ရေရွှတ်နေတုန်း နိုင်ကြီး ရောက်ချ လာသည်။ သူ ကလေးကို ငှင်းထံ ခပ်သွက်သွက် ပေးဖြစ်သည်။

"ရော့ရော့ မင်းသမီးက ငါ့အပေါ် ရှူးပေါက်ချပြီးပြီ။ အဝတ်လဲပေးလိုက်ဦး ငါလည်း သွားလဲလိုက်ဦးမယ်"

"အံမယ် လူပျိုကြီးကလည်း ရှူးပေါက်ချတာကိုပဲ ဖြစ်နေ လိုက်တာ အီးပါချတာလည်း မဟုတ်ဘဲနဲ့ နော့ သမီးလေး ဖေဖေ သာဆို တစ်ခါတလေ သေးစိုဝတ်ကို မလဲဖြစ်ပါဘူးလို့ ပြော လိုက်"

သကောင့်သားက ကလေးကိုချီရင်း စကားတွေ ဆိုသည်။

"မင်းကတော့ ကလေးဖအေကိုးကွ…"

သူ အီလည်လည်ဖြင့် သကောင့်သားကို ပြန်အော်ဖြစ်သည်။





ညှော်ခန်းတစ်ခန်းလုံးကို ပွစိလန်နေအောင် ဆော့ပြီးသကာလ နိုင်ကြီး၏ သားအကြီးကောင်က ဆိုဖာပေါ်မှာပင် အိပ်ပျော်သွားသည်။

နိုင်ကြီးကတော့ အသင့်ပါလာသော နို့ဘူးဖြင့် အငယ်မကို နို့တိုက်ကာနေသည်။ အပြင်ထွက်လျှင် နို့ဘူးမှအစ ကလေးပစ္စည်း ပစ္စယများ စုံလင်အောင် ဆွဲခြင်းတစ်လုံးဖြင့်ထည့်ကာ ယူဆောင် တတ်နေပြီဖြစ်သော ကလေးအဖေ နိုင်ကြီးကိုကြည့်ကာ 'ခွီး' ခနဲ သူ ရယ်ဖြစ်သည်။

"ဘာရယ်တာလဲကွ"

"မင်းပုံစံကို ရယ်ချင်လို့ပါကွာ… ကလေးအဖေပီပီ အပြင် ထွက်ရင် နို့ဘူးကစပြီး ကလေးပစ္စည်းတွေ အကုန်လုံးကို ခြင်းထဲ ထည့် သယ်တတ်နေတာကို သဘောကျလို့ ခွီး"



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြရင်းနှင့်ပင် သူရယ်ဖြစ်သည်။ နိုင်ကြီးကပါ လိုက်ရယ်သည်။

“အလုပ်သင်ဆိုတာ… ဒါမျိုးကိုပြောတာလေကွာ။ အလုပ်က လူကို တဖြည်းဖြည်းချင်း သင်သွားတာ။ မင်း ဒါတွေကိုကြည့်ပြီး လွယ်တယ်မထင်နဲ့ကွ… နို့ဘူးဖျော်တာကအစ ပညာသားပါတယ်။ နောက်ဆုံး နို့ဘူးဖျော်ပြီးရင်တောင် လက်ခုံပေါ်ချကြည့်ပြီး အေးမှ တိုက်ရတာ။ နော်… သမီးလေး”

သကောင့်သားက ပြောရင်းဆိုရင်း ကလေးကို မြှူသည်။ ထိုစဉ်မှာပင် နိုင်ကြီး၏ဖုန်း ဝင်လာသည်။ နိုင်ကြီးက ဖုန်းကို ယူကြည့်ပြီး ပြန်ချသည်။ ဖုန်းကတော့ မြည်နေဆဲ။ Ring Tone သံက သိပ်မကျယ်သည်မို့ ကလေးကတော့ မနိုး။

“မင်းမိန်းမ သီတာ့ဆီကဖုန်းလား”

သူ၏အမေးကို သကောင့်သားက ‘အေး’ဟု တစ်ခွန်းတည်း ဖြေသည်။ ဖုန်းကတော့ တစ်ကြော့ပြီး နောက်တစ်ကြော့လာနေဆဲ။

“ဆက်… အဲဒီမှာ… လက်အသားမာတက်တဲ့အထိ ဆက်… လုံးဝ မကိုင်ဘူး၊ မှတ်ထားနော်… သမီးလေး”

နိုင်ကြီးက အိပ်ပျော်ခါနီးဖြစ်သော သူ၏ သမီးဖြစ်သူကို လှမ်းမြှူရင်း ဖုန်းကို ခပ်စိမ်းစိမ်း တစ်ချက်လှမ်းကြည့်သည်။

“ဖုန်းကိုင်ပေးလိုက်ပါကွာ… စိတ်ပူနေပါဦးမယ်”





သူပြေရာပြေကြောင်း ဆိုဖြစ်သည်။

“ဒီမိန်းမလား စိတ်ပူမှာ၊ စိတ်ပူရင် ဆံပင်ကောက်မယ် ဆိုပြီးတော့ မနက်ဆယ်နာရီကတည်းက ထွက်သွားတဲ့လူက အခုလို ညနေငါးနာရီထိုးအောင် နေပါ့မလားကွ။ ငါဖုန်းဆက်တော့လည်း မကိုင်ဘူး။ ဒီမိန်းမ…”

နိုင်ကြီးက မကျေမနပ်ဖြင့် ဆိုသည်။

“ဆံပင်ခေါင်းလျှော်နေတုန်းတို့ ဘာတို့လို့ မအားလို့ ဖြစ်မှာပေါ့ ကွာ။ အခု သူပြန်ခေါ်နေပြီပဲ ကိုင်ပေးလိုက်ပေါ့ကွာ”

သူ… ရှေ့ပြည်အေးတရား ဟောဖြစ်သည်။

“မင်းမသိသေးပါဘူး ဝေယံရာ။ မိန်းမဆိုတာ… အဲဒီလို ပြန်ချိုးပေးနိုင်မှ တော်ရုံကျတာ။ ဒီလိုမှ ပြန်မလုပ်ရင် ရောင့်တက်လာမယ်။ မင်းပဲ စဉ်းစားကြည့်ကွာ။ မနက်ဆယ်နာရီကတည်းက ထွက်သွားတာ၊ သွားတာတောင် အိမ်အကူကောင်မလေးကိုပါ ခေါ်သွားတယ်။ ငါတစ်ယောက်တည်း ကလေးနှစ်ကောင်ကို မနည်းထိန်းရတာ။ ဆံပင်ကောက်ပြီးရင်လည်း မြန်မြန်ပြန်လာပေါ့။ အခုက မဟုတ်ဘူး။ တစ်နေကုန်တော့မယ်။ အဲဒါနဲ့ ခေါကန်ပြီး ထွက်ချလာတာ”

“အိမ်အကူကောင်မလေးကပါ ဆံပင်ကောက်ဖို့ လိုက်သွားတာလား”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာ... သူ့ဘာသာသူ ကိုရီးယားကားတွေ ကြည့်ပြီး ဆိုက်ကိုဝင်နေတာ။ ကိုရီးယားကားတွေထဲကလို အိမ်ဖော်နဲ့ ဖောက်ပြန်မှာစိုးလို့တဲ့။ ဟိုကောင်မလေးကလည်း အသက်က နှစ်ဆယ်ပတ်လည် ရုပ်ကလည်း ခပ်ချောချောဆိုတော့ ငါ့မိန်းမက ဆိုက်ကိုပိုဝင်တာ"

နိုင်ကြီးက မကျေမချမ်း ရေရွတ်သည်။

"သူ့ယောက်ျားအကြောင်း သူသိလို့ ဖြစ်မှာပေါ့။ မင်း ပုံစံကလည်း ခသမာတဲ့ရုပ်ကြီးဆိုတော့ကွာ... ခွီး"

ပြောရင်း သူ ရယ်ဖြစ်သည်။ သိပ်မကြာလိုက် နိုင်ကြီး၏ မိန်းမက သူ့ဖုန်းကို ဆက်လာသည်။

"ဟာကောင်ရေ မင်းမိန်းမဆီက ဖုန်းကွ... ဘယ်လို လုပ်လိုက်ရမလဲ... မကိုင်ပဲ ထားလိုက်ရမလား။ မင်းသဘော"

သွေးတိုးစမ်းသလို မေးသောသူ့ကို ဆရာသမားက ဘုကြည့် ကြည့်ပြီး-

"ကိုင်လိုက်"

ဟု ခပ်ဆောင့်ဆောင့်ဆိုသည်။

"ဟဲလို... သီတာ ပြော"

"ကိုဝေယံသူငယ်ချင်း အဲ့ဒီရောက်နေတယ် မဟုတ်လား"

"အေးဟ"





"သိပါတယ်။ သူမှာ သွားစရာဆိုလို့ ကိုဝေယံအိမ်ပဲ ရှိတာပါ။ အခုလာကြိုနေပြီလို့ ပြောလိုက်ဦး၊ ဒါပဲနော်"

Speaker ဖွင့်မထားသော်လည်း သကောင့်သား နိုင်ကြီးက ဖုန်းနားမှာ လာကပ်ကာ နားထောင်နေသည်မို့ သီတာပြောသမျှကို ဆရာသမားက အကုန်ကြားနေသည်မို့ မျက်နှာကြီးနီကာ 'တောက်' ခနဲ တက်ကိုခေါက်သည်။

"တောက်... အပိုင်တွက်လွန်းသကွာ အခုပဲ လာကြို နေပြီတဲ့"

အံကြိတ်သံကြီးဖြင့်ဆိုသော ၄င်း၏စကားကြောင့် သူ ဟက်ခနဲ ရယ်ဖြစ်သည်။ သို့နှင့် သူမေးခွန်းထုတ် ဖြစ်သည်။

"မင်းက သီတာလာခေါ်တာကို လိုက်မသွားဘူး ဆိုပါတော့"

ရယ်ကြဲကြဲဖြင့်မေးသော သူ့အမေးကြောင့် သကောင့်သားက ပေစောင်းစောင်းဖြင့် မျက်နှာကြီးနီကာ ပြန်၍ကြည့်သည်။

"လိုက်မသွားလို့ ရမလား၊ ဒီကလေးနှစ်ကောင် မင်းထိန်းပေးမှာမို့လို့လား။ ကလေးထိန်းရတာလွယ်တာ မဟုတ်ဘူး။ ငါက သိပ်လိုက်ချင်တာ မဟုတ်ဘူး"

သကောင့်သားက ကလေးနှစ်ယောက်ကို မေးငေါ့ရင်း ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လည်း ဒီလိုလုပ်လေ မင်းက မင်းမိန်းမကို ကလေး နှစ်ယောက် ပြန်ထည့်ပေးလိုက်။ မင်းက ငါ့ဆီမှာ ကျန်ခဲ့လိုက်။ မလိုက်ချင်ဘူး မဟုတ်လား"

"ဟ… အဲဒီလိုလည်း ဖြစ်ပါ့မလားကွ။ ကလေးတွေကို သူ့နဲ့ ဟိုကောင်မလေးနဲ့ နှစ်ယောက်တည်း ထိန်းလို့နိုင်မှာမှ မဟုတ်တာ"

ဆရာသမားက ရှက်ဝဲဝဲဖြင့် အာခေါင်ခြစ်ကာ အော်သည်။

"ဒါဖြင့်မင်းက ကလေးထိန်းရမှာမို့လို့ မလိုက်ချင် လိုက်ချင်နဲ့ လိုက်ပြန်သွားရမှာပေါ့ အဲဒီလိုလား"

ခနဲ့တဲ့တဲ့မေးသော သူ့အမေးကြောင့် ဆရာသမားက 'အေး'ဟု မအေးချင်အေးချင်ဖြင့် အေးသည်။ သူ 'ခွီး'ခနဲရယ် ဖြစ်သည်။

သူတို့နှစ်ယောက် အပြန်အလှန် ပြောဆိုနေတုန်းမှာပဲ အခန်း ဘဲလ်တီးသံကြားသည်မို့ သူထကြည့်တော့ သီတာတို့နှစ်ယောက် ဖြစ်ကာနေသည်။

သူ တံခါးကို ဖွင့်ပေးလိုက်သည်။

"ကိုဝေယံတော့ အလုပ်ရှုပ်သွားပြီ ထင်တယ်"

"မရှုပ်ပါဘူးသီတာရာ… ကိုဝေယံက ဒီကောင်နဲ့ တိုးကြီး ကို အခန်းသော့ပါ တစ်ချောင်းစီ ပေးထားတာ။ ကြိုက်တဲ့အချိန်





ကြိုက်သလိုသာ လာဆိုပြီးတော့"

သူရယ်ရင်း ဆိုဖြစ်သည်။

"ကြားပါတယ်။ ကိုသီဟတိုးက မိန်းမနဲ့ရန်ဖြစ်ပြီး အိမ်ပေါ်က ဆင်းလာလိုက်၊ ကိုဖုန်းသန့်နိုင်က ဆင်းလာလိုက်နဲ့ လူပျိုကြီး မယားစိတ် သားစိတ်တွေ ကုန်ပြီး မိန်းမ မယူတော့ဘူး ဆိုလားလို့"

သီတာက အရယ်တစ်ဝက်ဖြင့် ပြန်အရွှန်းဖောက်သည်။ ပြီး စိတ်ကောက်နေသော ကလေးတစ်ယောက်လို မျက်နှာကြီးလွှဲနေ သော သူမ၏ ယောက်ျားရှိရာကို သွားသည်။

"ကိုကို… ပြန်ကြမယ်လေ"

"ကလေးတွေ အိပ်နေတာ မမြင်ဘူးလား"

ဆရာသမားက ဟန်ပန်အပြည့်ဖြင့် ခပ်ငေါက်ငေါက် ဆိုသည်။

"ကိုကိုနော်… သီတာ့ကို အဲဒီလို လေသံနဲ့ လာမအော်နဲ့"

"ဟ… မင်းဆံပင်သွားကောက်တဲ့ ကြာချိန်ကိုလည်း ကြည့်ဦး။ မနက်ကတည်းက ထွက်သွားလိုက်တာ အခု ဘယ်အချိန် ရှိပြီလဲ"

နာရီကို မေးငေါ့ရင်း ဆရာသမားက ဆိုသည်။

"ကိုကိုနော် သီတာက ဆံပင်ကိုလုပ်ချင်လွန်းလို့ သွားလုပ်

www.burmeseclassic.com



တာ မဟုတ်ဘူး။ ကိုကို့အတွက် သွားလုပ်တာ။ ငွေတွေ အကုန်ကျခံပြီး ဆံပင်ကို ခပ်တိုတိုညှပ်ကောက် ကောက်ထားတာ။ ကိုကို့ မျက်စိထဲမှာ လှအောင်လို့ သိလား''

အရေးထဲမှာ သူနှင့် ၎င်းတို့ အိမ်အကူကောင်မလေးကို ရှိသည်ဟုပင် မထင် နွဲ့ချင်တိုင်းနွဲ့ကာ နွဲ့ဆိုးတွေဆိုးနေသော သီတာတို့ လင်မယားကြောင့် သူ 'ခွီး'ခနဲ ရယ်ဖြစ်သည်။ ၎င်းတို့၏ အိမ်အကူ ကောင်မလေးကလည်း လက်ဝါးအုပ်ကာ ရယ်သည်။ သို့သော် နိုင်ကြီးတို့လင်မယားက ဂရုပင်မစိုက်။ တစ်ယောက်နှင့် တစ်ယောက် ဘေးတိုက်ကြီးတွေထိုင်ကာ ငြင်းခုံနေကြသည်။

''ကဲ အခု သီတာ့ကိုကြည့် ဆံပင်တိုတိုလေးနဲ့မို့လို့ သုံးဆယ်ကျော် မိန်းမတစ်ယောက်နဲ့ တူသေးလို့လား''

''သုံးဆယ်ကျော်မိန်းမနဲ့တော့ မတူဘူး။ ဆံပင်က တိုနန့်နန့်နဲ့ သုံးဆယ်ကျော် ဂန်ဒူးနဲ့တော့ တော်တော်တူတယ်။ ခပ်တိုတို ညှပ်မဲ့ညှပ် ဘိုကေလေး ညှပ်ခဲ့တာ မဟုတ်ဘူး။ ရုပ်ကိုက ဂန်ဒူးကို မြင်းချိုးပန်းထားတဲ့ အတိုင်းပဲ။ ဆံပင်တိုနဲ့ လှချင်တိုင်းတွေ လှနေတာ''

''ကိုကိုနော်''

နိုင်ကြီးက သူ့မိန်းမ သီတာကို မူချိုးမျှစ်ချိုး စနောက်သည်မို့ သီတာက ရှက်ရှက်ဖြင့် 'ကိုကိုနော်'ဟု ထအော်သည်။ သီတာ၏





အာခေါင်ခြစ်သံကြီးကြောင့် ကလေးနှစ်ကောင်က လန့်ကာနိုးလာသည်။

အကြီးကောင်က မျက်လုံးပွတ်ကာ ထထိုင်သော်လည်း… အငယ်မကတော့ ဝါးခနဲ လန့်ကာငိုသည်။ ပြီး ပြန်အိပ်ပျော်သွားသည်။

''ကြည့်စမ်း ကလေးတောင် မင်းကိုလန့်ပြီး ထငိုပြီ တွေ့လား၊ မင်းရုပ်လည်း မှန်ထဲပြန်ကြည့်ဦး ဘီလူးမ မယ်ကုဝဏ်ကို မြင်းချိုးပန်းထားတဲ့ ရုပ်နဲ့။ ကလေးတောင် မမှတ်မိတော့ဘူး။ လှချင်တိုင်းတွေ လှနေတာ''

''ကိုကိုနော် ကလေးက သီတာအော်လိုက်တဲ့ အသံကို လန့်ပြီး ငိုတာပါ။ လူကို ချိုးချိုးဖွဲ့ဖွဲ့ မပြောနဲ့နော်။ ဘာ… ဘီလူးမ မယ်ကုဝဏ်လဲ။ ဒီရုပ်ကြီးကိုပဲ… မရရင် သေတော့မလို ဖြစ်နေလို့ အဖြေပေးခဲ့တာ ရှင်မေ့သွားပြီလား။ ဟင်''

''မေ့သွားပြီ မှတ်မိတော့ဘူး''

သီတာက ဆွေ့ဆွေ့ခုန်လေလေ နိုင်ကြီးက စလေလေဖြင့် ပွဲရှိန်က တက်လာသည်။ အငယ်မက ပြန်အိပ်သွားသော်လည်း အကြီးကောင်လေးက ပြန်မအိပ်ဘဲ အဖေနှင့် အမေကို ကြောင်တောင်တောင်လေး ကြည့်ကာနေသည်။

''မမှတ်မိရင် ပြန်ပြောမယ်။ ကမ္ဘာပေါ်မှာ အချောဆုံး

www.burmeseclassic.com



ဖြစ်တဲ့ သီတာကမှ ကိုယ့်ကို ပြန်မချစ်ရင် ကိုယ်သေရပါလိမ့်မယ်ဆို။ အရက်တွေ မူးပစ်မယ်ဆို။ စာမေးပွဲလည်း မဖြေတော့ဘူးဆိုလို့ ကျွန်မက သနားပြီး အဖြေပြန်ပေးခဲ့တာလေ။ ရှင်ပဲ ကျွန်မကမှ ပြန်မချစ်ရင် ချက်ချင်းပဲ လဲသေတော့မယ့် မျောက်မသာရုပ်ကြီးနဲ့ အဖြေတောင်းခဲ့တာလေ"

သီတာ၏ စကားအဆုံးမှာ အိမ်အကူကောင်မလေးက လက်ဝါးအုပ်ကာ ရယ်နေရာမှ ဗိုက်ကိုနှိပ်ကာ တခွီးခွီး ရယ်သည်။ သူသည်လည်း မျက်ရည်ထွက်သည်အထိ ရယ်ဖြစ်သည်။

"သီတာရယ် နင့်ယောကျ်ားမျက်နှာကို မျောက်မသာရုပ်နဲ့ မနှိုင်းပါနဲ့ဟာ"

သူ အရယ်တစ်ဝက်ဖြင့် ဝင်ပြောဖြစ်သည်။

"ဘာလဲ ကိုဝေယံက ဟုတ်တာပြောတော့ သူငယ်ချင်းဘက်က နာတာပေါ့"

သီတာက မျက်စောင်းကြီးထိုးရင်း ဆိုသည်။

"မဟုတ်ပါဘူးဟာ၊ နင့်ယောကျ်ားမျက်နှာကို မျောက်မသာမျက်နှာနဲ့နှိုင်းရင်း မျောက်မသာ သိက္ခာကျမှာစိုးလို့... ဟီး"

သူ၏စကားကြောင့် သီတာက 'ခွီး' ခနဲ ထရယ်သည်။ ဒေါကန်နေသော နိုင်ကြီးက ဟက်ခနဲရယ်ရင်း ခွေးကောင်ဟု သူ့ကို ရေရွတ်သည်။





ထိုစဉ်မှာပင် ကလေးငယ်လေးက အိပ်ပျော်နေရာမှ နိုးလာပြီး ထငိုလာသည်မို့ သီတာက "လာလာ... သမီးလေးလာ" ဟု ကောက်ချီသည်။

"ကဲ လူပျိုကြီးအိမ်မှာ ဖွချင်တိုင်းလည်း ဖွပြီးပြီ။ မိဝင်းသိမ်းဆည်းပေးလိုက်ဦး။ တော်ကြာ ငါ့ဆီပေးထားတဲ့ သူ့အခန်းသော့ ပြန်တောင်းနေဦးမယ်။ နောက်ပေးမလာမှ ဒုက္ခ။ မိန်းမက ဘယ်နေ့ နှင်ချမယ်မှန်းက သိတာ မဟုတ်ဘူး"

နိုင်ကြီးက ပြောင်ချော်ချော် မျက်နှာဖြင့် သူ့မိန်းမ သီတာကို ကြည့်ရင်း ဆိုသည်။ သီတာက မျက်စောင်းပြန်ထိုးရင်း ပွစိပွစိ ရေရွတ်သည်။ ကလေး ချီထားသည်မို့ ထတော့ မအော်တော့။

"ကိုကို့ကို ပြန်မရွတ်ပါနဲ့ မိန်းမရယ်၊ တော်ကြာ လူပျိုကြီးက နဂိုကမှ မယားစိတ် သားစိတ်ကုန်နေတာ။ မိန်းမယူဖို့ မစဉ်းစားတော့ဘဲ နေပါ့မယ်။ အိမ်ရောက်မှပဲ ရန်ဖြစ်လိုက် ပြန်ချစ်လိုက် ဒုတိယပိုင်း ဆက်ရအောင်"

နိုင်ကြီးက သူ့ကို နှိပ်ကွပ်ရင်း ဟက်ခနဲ ရယ်သည်။

"ဘာမှ စိတ်အားမငယ်နဲ့ ကိုဝေယံ။ ကိုဝေယံက ကိုရီးယား မင်းသားလိုဖြောင့်တော့ ရည်းစားတစ်ယောက်ထားဖို့က ငှက်ပျောသီး အခွံနွှာသလို လွယ်မှာပါ။ ကိုဝေယံကို ကြိုက်ပြီး သဘောကျနေကြတဲ့ သီတာ့ သူငယ်ချင်းတွေမှ တစ်ပုံကြီး။ တချို့



www.burmeseclassic.com

www.burmeseclassic.com



တွေကသာ သီတာကမှ အဖြေမပေးရင် ကျောင်းမတက်တော့ဘူးတို့ စာမေးပွဲ မဖြေတော့ဘူးတို့နဲ့ အကြပ်ကိုင်ပြီးမှ မိန်းမတစ်ယောက် ရတာ သိလား''

သီတာက မိန်းကလေးတိုင်း ကျွမ်းကျင်သော စောင်းမြောင်းမှု အတတ်ပညာဖြင့် သူ့ယောကျ်ားကို ငေါ့သည်။ နိုင်ကြီးက-

''မိန်းမရယ် အိမ်ရောက်မှ ဒုတိယအပိုင်းကို စမယ် ဆိုတဲ့ဟာ၊ မိန်းမဘက်ကစပြီး ထိုးစစ်မဆင်စမ်းနဲ့ကွာ''

ဟု လေပြေဖြင့် ဆိုသည်။

''ထိုးစစ်တွေ ခံစစ်တွေလာမပြောနဲ့ ကျွန်မကို မယ်ကုဝဏ်ကို မြင်းချေးပန်းထားတဲ့ရုပ်လို့ ပြောတာကိုရော... ဂန္ဒူး ဘာပြုတယ်ဆိုလား''

''မြင်းချေးပန်းထားတာ မြင်းချေး...''

မေ့တော့တော့ဖြစ်နေသော 'သီတာ့'စကားကို သူ ခပ်သွက်သွက်ပင် ဝင်၍ ထောက်ပေးလိုက်သည်။ နိုင်ကြီးက သူ့ကို မျက်မှန်ကုတ်ပြသည်ကို သူ မမြင်ယောင် ဆောင်လိုက်သည်။

''ဟုတ်တယ်၊ အဲဒီ မြင်းချေးပန်းထားတဲ့ ရုပ်ဆိုတာကို လုံးဝလုံးဝ မကျေနပ်ဘူး။ တွေ့ကြသေးတာပေါ့ ကိုဖုန်းသန့်နိုင်ရယ်''

သီတာက ရန်သူကို အပြတ် ချေမှုန်းတော့မည့်ပုံစံဖြင့်





အံကြိတ်ကာ အားအပြည့်ဖြင့် ဆိုသည်မို့ သူ 'ခွီး'ခနဲ ရယ်ဖြစ်သည်။

''အေး... ရယ်ပါ။ လူပျိုကြီး မင်း သူများ လင်မယားကြားမှာ မြှောက်ထိုးပင့်ကော် များများလုပ်၊ မိန်းမကို တစ်သက်လုံး ရမှာ မဟုတ်ဘူး။ မိန်းမ မရဘဲ ယောကျ်ားရပါစေဗျာ... ကဲ''

နိုင်ကြီးက အောင့်သက်သက်ဖြင့် သူ့ကို ကျိန်စာ တိုက်သည်။ သူ 'ခွေးကောင်'ပ ရေရွှတ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်လား…

သူက…

မျှော်လင့်မထားတဲ့ အချိန်မှာ

ထင်မှတ်မထားတဲ့ ပုံစံနဲ့

ကမောက်ကမကြီး ရောက်ချင်ရောက်လာတတ်တာမျိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

"ဝေယံ သူငယ်ချင်း"

"အေး တိုးကြီးပြော"

"ငါ အကူအညီတစ်ခု တောင်းမလို့"

"အေးပါ ပြောမှာသာ ပြောစမ်းပါ"

"မင်းအခန်းသော့က ငါနဲ့ နိုင်ကြီးဆီမှာလည်း ပေးထားတော့ အရေးဟဲ့ အကြောင်းဟဲ့ ရုတ်တရက်ကြီး ဧည့်သည် ဆောင်သည် လာရင်လည်း ငါတို့က မင်းအခန်းဆီ ပို့နေကြ"

"စကားခံမနေပါနဲ့ ဧည့်သည်ပို့မှာ မဟုတ်လား ပို့ထားလိုက်လေ"

"ဟီး... ပို့ထားပြီးပြီကွ... ဒါပေမယ့်"





"ဒါပေမယ့် ဘာဖြစ်လဲကွ"

တိုးကြီးက သူ့ကို အင်မတန် အားနာခဲ့သည်။ အခုတော့ အားနာသံကြီးဖြင့် 'ဒါပေမယ့်'နေသည်မို့ 'ဘာဖြစ်လဲကွ'ဟု သူ မေးဖြစ်သည်။

"ဧည့်သည်တွေက တစ်လလောက် ကြာမယ်လို့ ပြောလို့ကွ"

"အရင်က ဧည့်သည်တွေဆို လွန်ရောကျွံရော သုံးလေးရက် တည်းလေ။ ငါလည်း သုံးလေးရက်တည်းထင်ပြီး ခပ်တည်တည်နဲ့ ပို့လိုက်တာ"

"အိမ်ရောက်ပြီးတော့မှ တစ်လဆိုတော့။ ပြန်နိုင်းရမှာလည်း မဟုတ်။ အဲဒါနဲ့ မင်းကို အားနာ... နာ..."

"အားမနာပါနဲ့ကွာ... ဘယ်တတ်နိုင်ပါ့မလဲ"

သူ ပေါ့ပေါ့ပါးပါးပင် ဆိုဖြစ်သည်။ မထူးတော့သည်ကိုး။ တကယ်တမ်းကျ ဆိုင်မှာပဲနေပြီး အိပ်ချိန်လောက်မှ အိမ်ပြန်လည်း ဖြစ်နေသည်ကိုး။

"အဲဒါထက်ပိုအားနာစရာကောင်းတာ ရှိသေးတယ်ကွ"

"အင်း... ပြော... သူငယ်ချင်း"

"အခုဧည့်သည်က ရွာက ငါ့ညီမဝမ်းကွဲနဲ့ ငါ့အဖေ အပျိုကြီး နှစ်ယောက်ကွ။ မိန်းကလေးတွေချည်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ..."

ဟုသာ သူ ရေရွတ်မိသည်။





သူမောင်းလာသော ကားကိုစီးရင်း တစ်လမ်းလုံး တိုးကြီးက အားနာကြောင်း ဆိုလာသည်။

"အားနာလိုက်တာကွာ။ ငါကလည်း ယောက္ခမအိမ် ကပ်နေရတာဆိုတော့ ရွာက ညှော်သည်လာတိုင်း ငါ့အမေ ငါ့အဖေလာတာကအစ မင်းအိမ်မှာပဲ သိပ်ရတာ။ ဒီတစ်ခါကကွာ မိန်းမတွေချည်းဆိုတော့ အားနာတယ်။ ပြီးတော့ အရင်ကလို တစ်ရက်နှစ်ရက် မဟုတ်ဘူး တစ်လတောင် ဆိုတော့..."

"ရပါတယ်ကွာ မင်းကလည်း ဘော်ဒါအချင်းချင်းကို အားနာစရာလားကွာ တစ်လမဟုတ်ဘူး နှစ်လဆိုလည်း ဖြစ်တယ်"

သူ အရယ်တစ်ဝက်ဖြင့် ဆိုဖြစ်သည်။

"ငါ ဆန်တွေ ဆီတွေပါ ဝယ်ပို့ထားတယ် သိလား သူငယ်ချင်း"



www.burmeseclassic.com

www.burmeseclassic.com



"အာ… တိုးကြီးရာ… မင်းကလည်း… မလိုပါဘူးကွ။ မင်းရဲ့စေ့သည်လည်း ငါ့စေ့သည်ပဲပေါ့ကွ… ငါကျေးနိုင်ပါတယ်"

သူ ကားမောင်းနေရင်းက ဆိုဖြစ်သည်။

"မင်းကျွေးနိုင်မှန်း သိပါတယ်ကွာ။ ဒါပေမယ့် အားနာလွန်းလို့ပါ…"

"ဒါနဲ့ စကားမစပ် မင်းညီမလေးက ချောလား"

"ဟကောင်… ဟကောင်… မနောက်နဲ့… မနောက်နဲ့… ငါ့ညီမလေးက အခုမှကျောင်းပြီးထားတာ။ အသက်က နှစ်ဆယ့်တစ်ထဲရောက်ကာစ မင်းက လူပျိုကြီး အသက်က နှစ်ဆယ့်ရှစ်… လုံးဝမဖြစ်ဘူး ဒါပဲ"

တိုးကြီးက မျက်နှာကြီးနီစပ်စပ်ဖြင့် စွတ်ငြင်းကာ ဆိုသည်။

"ဟ… ငါက ချောလားလို့ပဲ မေးသေးတာလေကွာ… မင်းက ဆတ်ဆတ်ထိမခံကြီး ဖြစ်နေပါလား။ ငါ့အကြောင်းလည်း မင်းက သိရဲ့သားနဲ့ ငါက တော်တန်ရုံ ချောတာလောက်ကို စိတ်မဝင်စားဘူးကွ။ ပြီးတော့ မင်းညီမက ရွာကဆို"

သူ ရယ်ကျဲကျဲဖြင့် ဆိုဖြစ်သည်။

"ရွာကဆိုတော့ကွာ… ဓာတ်ရှင်တွေထဲကလို ပုံတုံးပတ်တုံးကြီးနဲ့။ စကားပြောလိုက်ရင် ကျုပ်ကတော် ကျုပ်ကတော်နဲ့ ခွီး"





သူ ပြောရင်း ရယ်ဖြစ်ပြန်သည်။

"အောင်မာမာ မင်းက လာသေးတယ်။ ငါ့ညီမက ကွင်းက။ နားလည်လား။ ပြီးတော့ ကျုပ်ကလို့လည်း မပြောဘူး"

"ဘာကွင်းလဲ မုန့်ကွင်းလား။ ဩော်… သိပြီ ရွာကဆိုတော့ ကွမ်းတောင်ကိုင်ပေါ့ အဲဒီလိုလား"

"ဟကောင် ငါ့ညီမက တက္ကသိုလ်ကို ဒေးတက်တာကွ။ သမိုင်းမေဂျာကကွင်း… နားလည်လား"

"ဟုတ်လား… စိတ်ဝင်စားလာပြီ"

"ဟကောင် ဝေယံ၊ ဘော်ဒါချင်း ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ မဖြစ်နိုင်ဘူး။ ဟိုက နှစ်ဆယ်ကျော်ကျော် မင်းက နှစ်ဆယ့်ရှစ်… ဘယ်လိုမှ မဖြစ်ဘူး။ အသက်က ရှစ်နှစ်လောက်ကွာလွန်းတယ်။ မင်းက အိုကြီးအိုမကြီး သဘောမတူဘူး"

တိုးကြီးက ခါးခါးသီးသီး ဆိုသည်။

"ဟ… တိုးကြီး… ယောက်ျားပဉ္စင်း မိန်းမပုခက်တွင်း ဆိုတာ မကြားဖူးဘူးလားကွ။ အသက်ရှစ်နှစ် မဟုတ်ဘူး နှစ်ဆယ်ကွာပါစေ ရတယ်ကွ မှတ်ထား။ ပြီးတော့ ယောက်ျားတစ်ယောက်ရဲ့ အနုပျိုဆုံးအရွယ်ဆိုတာ ၃၅ နှစ်ကွ။ မိန်းကလေးတစ်ယောက်ရဲ့ အခန့်ညားဆုံး အရွယ်က ၁၈ နှစ်။ မင်းညီမက အနုပျိုဆုံးအရွယ် ဆိုတဲ့အရွယ်ကို ကျော်တောင် ကျော်သွားပြီ။ ကဲပါ သူငယ်ချင်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းညီမကို ငါမြင်တောင် မမြင်ရသေးဘူး။ မင်းက ဘာဖြစ်နေတာလဲ။ နောက်ဆုံး ငါက မျက်စိကျသွားခဲ့ရင်တောင် ဖိတ်ချင်းဖိတ်ကိုယ့်အိတ်ထဲ ဖိတ်ပါစေဆိုတဲ့ စိတ်ထားရမှာပေါ့ကွ။ ဘော်ဒါရင်းကြီးတွေပဲဥစ္စာ''

သူ တမင်ပင် သကောင့်သားကို စဖြစ်သည်။

''ဒီအတိုင်းဆို မဖြစ်ဘူး၊ အိမ်ရှာမှ ဖြစ်မယ်ထင်တယ်''

''ရှာမနေပါနဲ့ တိုးကြီးရာ ဒီလိုလုပ် မင်းအဒေါ်အပျိုကြီးတွေကို တရားစခန်း လွှတ်လိုက်။ မင်းညီမလေးကိုကတော့ကွာ...''

''ဟကောင် ဝေယံ''

''တရားစခန်းပဲ လွှတ်လိုက်လို့ ပြောမလို့ပါကွာ ဟီး''

သူ ပြောင်ချော်ချော်ဖြင့် ဆိုဖြစ်သည်။

''အေး... မင်း ငါ့ညီမတော့မရှိဘူး။ ငါ့အဒေါ် အပျိုကြီးနှစ်ယောက်ထဲကပဲ တစ်ယောက် ကြိုက်တာယူ။ လေးဆယ်စွန်းစွန်းတွေဆိုတော့ မင်းနဲ့ လိုက်ပါတယ် ဝေယံရာ။ နှစ်ယောက်စလုံးယူမယ်ဆိုရင်လည်း ငါသဘောတူတယ်''

တိုးကြီးက ခွီးခနဲရယ်ရင်း ဆိုသည်။ သူကတော့ ဘာရယ်မဟုတ် အိမ်ကိုသာ အမြန် ပြန်ရောက်ချင်နေမိသည်။





''ဟကောင် ငါ့ကိုစောင့်ဦး''

''ငါတက်နှင့်မယ်ကွာ တွေ့ချင်နေပြီကွ''

ကားပါကင်ထိုးပြီးပြီးချင်း မေ့ကာလမ်းလျှောက်နှင့်သော သူ့ကို တိုးကြီးက ထအော်သည်။ တိုးကြီးက သူ့အမျိုးတွေလိုအပ်မည်ထင်သော ဝယ်လာသည့် ပစ္စည်းပစ္စယတို့ကို ကားထဲမှ ထုတ်ယူကာနေဆဲ။ သူ တမင်ပင်ရွတ်ကာ တိုက်ခန်းပေါ်ကို အမြန် ပြေးတက်ခဲ့ဖြစ်သည်။

ပြီး ဘာရယ်မဟုတ် သူ့အခန်း ဘဲလ်ကို တီးဖြစ်သည်။

''လာပြီ''

အခန်းထဲမှ အသံချိုချိုလေးကို ကြားရပြီးနောက် သစ်သားတံခါးက ဖြည်းဖြည်းချင်း ပွင့်ကာသွားသည်။ သံတံခါးကတော့ မပွင့်သေး။



www.burmeseclassic.com

www.burmeseclassic.com



"ကိုတိုးလား"

တံခါးဖွင့်ကာ 'ကိုတိုးလား' ဟုဆိုရင်း တံခါးနောက်မှ ပေါ်လာသည်က မျက်နှာနုနုလေး။

'သူ့အစ်ကိုကသာ ရုပ်ချောချောသော်လည်း သူ့ညီမလေးက လန်းလှချည်လား' ဟု သူ့စိတ်မှာ ရေရွတ်မိသည်အထိ။

"ဟို… ဘာကိစ္စရှိလို့လဲ ဟင်"

ကောင်မလေးက သူ့ကို အိမ်ရှင်မှန်း သိပုံမပေါ်။ သူ 'ခင်ဗျာ' ဟု ထူးဖြစ်သည်။ အမှန်အတိုင်း ဝန်ခံရရင်တော့ သူ့ရင်တွေ ဝုန်းဒိုင်းကျဲ ခုန်နေကာ သူမ ဘာမေးလိုက်မှန်း သိပ်မသဲကွဲလှ။

"ဩော် အလှူခံထင်တယ်"

"ဟုတ်ကဲ့… အာ… ဟုတ်ပါဘူးဗျာ"

"အဲဒါ ဒီတိုက်ခန်းပိုင်ရှင် ညီမလေးရေ ဖွင့်ပေးလိုက်။ အဲဒီလိုပဲ ဒီကောင့်ရုပ်က အိမ်တကာလိုက်ပြီး လိမ်စားနေတဲ့ရုပ်"

သူမနှင့်သူ ကြောင်အမ်းအမ်း ဖြစ်နေကြသောအချိန်မှာ တိုးကြီးက ရွှတ်နောက်နောက် ဆိုသည်။

"အို ကိုတိုးကလည်း သူတစ်ဖက်သားကို အားနာစရာကြီး"

သူမက အားနာဟန်ဖြင့်သူ့ကို တစ်ချက်လှမ်းကြည့်ရင်း ဆိုသည်။





"ရပါတယ် ညီမရယ်၊ ဒီယောက်ဖက အစ်ကို့ကို ဒီလိုပဲ ပြောနေကျ"

"ဟကောင်… ဝေယံ…"

"သွားသွား… ယောက်ဖ… ဝယ်လာတာတွေ နောက် သွားထားလိုက်ဦး"

သူ့ကို စကားပြန်ပြောရန် ပြင်နေသာ တိုးကြီးကို သူ ဇွတ်ပင် တွန်းလွှတ်ဖြစ်သည်။ သကောင့်သားက မသွားချင် သွားချင်ဖြင့် နောက်ကို စိတ်မချစွာ လှည့်ကြည့်လှည့်ကြည့်ဖြင့် သွားရှာသည်။

"ဩော် ဒါနဲ့ အဒေါ်နှစ်ယောက်လည်း ပါတယ်ဆို"

"ဟုတ်တယ်အစ်ကို၊ ခရီးပန်းလို့ အိပ်ခန်းထဲမှာ အိပ်နေကြ တယ်။ နှင်းက ကိုတိုးပြန်လာမှာကို စောင့်နေတာ"

သူမက ရှက်ဝဲဝဲဖြစ်နေဟန်ဖြင့် ဆိုသည်။ နှင်းဆိုပါလား 'ချစ်စရာလေးပါလားကွာ' ဟု သူ့စိတ်မှာ အားမလို အားမရ ရေရွတ် ဖြစ်သည်။

"ဒါနဲ့ မိတ်ဆက်ရဦးမှာပဲ။ အစ်ကို့နာမည်က ဝေယံပါ ညီမရဲ့နာ မည်က…"

"ယွန်းနှင်းစက်… တဲ့ကွ"

သူ၏အမေးကို သူမက ပြန်ဖြေရန်ပြင်နေတုန်း ဘယ်



www.burmeseclassic.com

www.burmeseclassic.com



အချိန်က ပြန်ရောက်လာမှန်းမသိ အဖျက်သမားတိုးကြီးက ဝင်၍ မေးသည်။ ၄င်းကပင်-

"ဒါနဲ့ ညီမလေး၊ ရွာက ကိုတိုးဆီ စာထည့်ပေးလိုက်တယ်ဆို"

"သြော် ဟုတ်သားပဲ၊ နင်း သွားယူလိုက်ဦးမယ်"

ပြောပြောဆိုဆို သူမက အခန်းထဲ ဝင်သွားသည်။

"ဟကောင်... နည်းနည်းများနေတယ်နော်။ အိုဗာတင်းတွေ သိပ်မဖျော်နဲ့... ယောက်ဖတိုးကြီး"

ဟု သူ့အံကြိတ်ကာ ဆိုဖြစ်သည်။

"ဖျော်တယ်ကွာ၊ မင်းပုံစံလည်း မင်းပြန်ကြည့်ဦး။ အချိုးကို မပြေဘူး"

"မပြေတော့ ဘာလုပ်ချင်လဲ ယောက်ဖ"

"လည်ပင်းတက်နင်းချင်နေတာ မကျေနပ်ဘူးကွ ငါ့ကို ယောက်ဖမခေါ်နဲ့"

သကောင့်သားကလည်း သူ့ညီမ မကြားအောင် ခပ်တိုးတိုး ကြိတ်ကာဆိုသည်။

"မကျေနပ်ရင် မင်းညီမ ထားခဲ့။ မင်းအဒေါ်နှစ်ယောက်ခေါ်ပြီးပြန်"

"နာဗူး"





"ဗူးတော့ ဘာဖြစ်လဲကွာ ယောက်ဖ"

သူနှင့်တိုးကြီး ကြိတ်ကာ ရန်ဖြစ်နေတုန်း သူမ ပြန်ရောက်လာသည်။

"ရော့ ကိုတိုး... ဒီမှာ"

သူမက ရွာကထည့်ပေးလိုက်သည်ဆိုသော စာကို တိုးကြီး ထံပေးသည်။ တိုးကြီးက စာကိုလှမ်းယူရင်း သူ့ကို ဘုကြည့် ကြည့်သည်။

"ကဲ အစ်ကိုတို့လည်း ပြန်ရောက်ပြီဆိုတော့ ခရီးပန်းလာလို့ နင်း... သွားနားလိုက်ဦးမယ်"

"နားပါ... နားပါ... ညီမ... လိုအပ်တာရှိရင် အစ်ကို့ကို ပြောနော်"

"ဟုတ်ကဲ့ အစ်ကို"

ဘလိုင်းကြီး လိုက်ကာ လောကွတ်ချော်နေသော သူ့ကို တိုးကြီးက မျက်ထောင့်နီဖြင့် ကြည့်သည်။ သူ့ညီမ အခန်းထဲရောက်တော့မှ-

"မင်းကမှ အိုဗာတင်းတွေဖျော်တာ။ ဘာ... လိုတာရှိရင် အစ်ကို့ကိုပြော ဟုတ်လား။ ရပ်ကိုက နှာဗူးရုပ်"

"ယောက်ဖကလည်းကွာ စည့်ဝတ်ကျေချင်တာပါကွာ။ နှစ်မျိုး မထင်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကြောင်ချော်ချော်ဖြင့် ဆိုဖြစ်သည်။

"တောက်… လူရိုးလူအေးလို့ တစ်သက်လုံးထင်လာတာ။ လက်စသတ်တော့ နှာဗူးကိုးကွ၊ ငါ ပြန်တော့မယ်"

"အေးကွာ ပြောလည်းခံရမှာပဲ ယောက်ဖရေ။ ငါ မနောက်ဘူးကွာ၊ မင်းပြန်ကာနီး စကားတစ်ခု ပြောဦးမယ်"

"ဘာပြောမလို့လဲ"

သကောင့်သားက မကျေမချမ်းဖြင့် မေးသည်။

"မင်းညီမကို ငါတကယ် ဟတ်ထိသွားပြီ"

"လဲသေလေ… လဲသေလိုက်… နှာဗူး"

တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်ကာ ထွက်သွားသော တိုးကြီးကို သူ 'ခွီး' ခနဲ ရယ်ဖြစ်သည်။ တကယ့်တကယ်ကြီး ဟတ်ထိသွားသည်ကို ယောက်ဖသိမှ သိသွားပါလေစ။





Ugly wives and stupid maids are priceless teasures.

ရုပ်ဆိုးသော ဇနီးများနှင့် ထုံအသော မိန်းမပျိုများသည်ကား တန်ဖိုးမဖြတ်နိုင်သော အဖိုးထိုက်ရတနာများ ဖြစ်ကြသည်။

**Chinese Proverb**



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် ဝေယံက မိန်းကလေးအကြောင်းကို သိပ်ပြောလေ့ပြောထ မရှိဘူးကွ။ အခုလို တက်တက်ကြွကြွ ပြောနေပုံထောက်တော့ ဒီကောင် တကယ်ကြီးကို ကြွေသွားတာဖြစ်မယ်။ တိုးကြီး… သဘောတူလိုက်စမ်းပါကွာ"

ဖုန်းသန့်နိုင်က သီဟတိုးကို နားချသည်။

"ငါ့ညီမလေးက ခပ်ထုံထုံရယ်၊ ပြောရရင် ရိုးရိုးအအ ရှာသူမလေးကွ၊ ဒီကောင်က သေချာပေါက် ငါ့ညီမကို နိုင်မယ့်ကောင်"

တိုးကြီးက မျက်နှာကြီးရှုံ့မဲ့ကာ ဆိုသည်။

"ယောက်ဖရယ်၊ ငါက အဲဒီလို ရိုးရိုးထုံထုံလေးကိုမှ ကြိုက်တာကွ။ တရုတ်စကားပုံတစ်ခု ရှိတယ်လေကွာ ရုပ်ဆိုးသော





မိန်းမယားတွေနဲ့ ထုံအတဲ့ မိန်းကလေးတွေက တန်ဖိုးဖြတ်လို့မရတဲ့ ရတနာတွေတဲ့ကွ။ ငါက အဲဒီလို ရတနာမျိုးမှ ကြိုက်တ္ထာ"

'ကြိုက်တာ'ဟု ရိုးရိုးမပြောပဲ 'ကြိုက်တ္ထာ'ဟု ခပ်ပြောင်ပြောင် ဆိုသော သူ့ကို တိုးကြီးက ဘုကြည့် ကြည့်သည်။ ပြီး-

"ကိုယ့်အသက်အရွယ်ကိုလည်း အားနာဦးလေကွာ၊ နွားအိုမြက်နုကြိုက်ရ။ အသက်က ရှစ်နှစ်လောက်ကွာတာကိုလည်း အားနာပါဦးကွာ"

ဟု ပျစ်ပျစ်နှစ်နှစ်ပင် ဆိုသည်။

"မြက်နုကြိုက်လွန်းလို့တော့ မဟုတ်ဘူးပေါ့ကွာ၊ သွားသိပ်မကောင်းတော့ နုတာလေးတွေပဲ ရွေးရွေးဝါးချင်နေတော့တာ-ဟဲ… ဟဲ…"

သူ့စကားအဆုံးမှာ တိုးကြီးက-

"ကြာလေ ကျက်သရေမရှိလေပဲ မင်းမျက်နှာကြီးက"

ဟု အီလည်လည်ဖြင့် ဆိုသည်။

"ဒါနဲ့ ငါ ဖြတ်မေးပါဦးမယ်ကွာ၊ ဒီကောင့်ညီမက ရန်ကုန် ရွှေမြို့တော်ကြီးကို ဘာလာလုပ်တာတုန်းကွ"

နိုင်ကြီးက တို့မီးရှို့မီးလုပ်ကာ မေးသည်။

"ဒီကောင့်ဆီကိုပဲ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး လာတာနေမှာပေါ့ကွာ… ကဲ။ အဲဒီလို ဖြေစေချင်တာ မဟုတ်လား"

www.burmeseclassic.com



တိုးကြီးက စိတ်တိုနေဟန်ဖြင့် ခပ်ငေါ့ငေါ့ ဆိုသည်။

"မဟုတ်ပါဘူးကွာ၊ ဒီလိုကွ သူညီမလေး ယွန်းနှင်းစက်က ရန်ကုန်ရွှေမြို့တော်ကြီးမှာ ကွန်ပျူတာအဆင့်မြင့်သင်တန်း လာတက်တာ၊ အခြေခံက နယ်မှာသင်ထားပြီးသား။ သိပ်တော့ ငါလည်း နားမလည်ဘူး။ ဘာပဲဖြစ်ဖြစ်ကွာ ပညာလိုချင်တဲ့စိတ်ကလေးက ချစ်စရာလေးကွ"

သူ၏စကားကြောင့် တိုးကြီးက လူရွှင်တော်များလို မျက်နှာကို မဲ့ရင်း-

"ချစ်လိုက်ရပြန်ပြီ၊ အမျိုးမျိုးကို ဟိုကလှည့်ချစ် ဒီကလှည့် ချစ်နဲ့ ချစ်ပဲ ချစ်နိုင်လွန်းပါတယ်"

ဟု ခပ်ရွတ်ရွတ် ဆိုသည်။

"ဒါနဲ့ပဲ တူမလေး သင်တန်းတက်ဖို့ အဒေါ်တွေကပါ ရွာကနေ အင်အားဖြည့်ပြီး လိုက်လာကြတာပေါ့။ နေပါဦး… သင်တန်း အကြိုအပို့ကိစ္စရော မင်း သေသေချာချာ လုပ်ပေးရဲ့လား ဝေယံ"

နိုင်ကြီးက ထုံးစံအတိုင်း အနှောင့်အသွားမလွတ်သော မေးခွန်းကို မေးသည်။

"အဟားဟား လို့တောင် မရယ်ချင်ဘူး၊ သီဟတိုးဆိုတဲ့ ငါက ဒီလောက်မှမလည်ရင် လူမလုပ်ဘူး။ ကွန်ပျူတာသင်တန်းက





အိမ်ပေါ်က အိမ်အောက်ဆင်းတာနဲ့ ရောက်ပြီကွ၊ ဘယ်သူမှ လိုက်ပို့စရာ မလိုတာ"

သကောင့်သားက မဖုံးနိုင်မဖိနိုင်ပုံစံဖြင့် အားရဝမ်းသာ ထ၍ ဆိုသည်။ သူ့ခမျာ ဒီကိစ္စလေးကို အတော် ရင်လေးထားဟန် တူသည်။

"ဘာပဲဖြစ်ဖြစ်လေ သင်တန်းက တစ်လနဲ့မရဘူး အမြန် သင်ရင်တောင်မှ တစ်လခွဲတဲ့ကွ၊ ဟကောင်တိုးကြီး လေးဆယ့်နဲ့မှ ငါးရက်တိတိ ဝေယံနဲ့ မင်းညီမက တစ်အိမ်တည်းနော် အေးအေး ဆေးဆေးပဲ"

ဖုန်းသန့်နိုင်က တိုးကြီးကို မခံချင်အောင် တမင်စသည်။

"ရပါတယ်ကွာ၊ ငါ ဝေယံကို ယုံတယ်၊ ဒီကောင်က သူ့ ရည်းစားတွေအပေါ်မှာတောင် အင်မတန် စည်းစောင့်တဲ့ကောင်။ တစ်အိမ်တည်းဆိုပေမဲ့ ငါ့ညီမ ဘာမှမဖြစ်ဘူးဆိုတာ ငါယုံတယ်။ အဲ… ငါ့အဒေါ်တွေကိုတော့ ဒီကောင် ဘယ်လိုသဘောထားလဲ မသိဘူး"

ပြောရင်း တိုးကြီးက ခွီးခနဲ ရယ်သည်။

"အောင်မာမာ… ငါကပဲ ချဉ်ချဉ်တူးတူး မူးရင်ပြီးရော ဆိုပြီး အဒေါ်ရရ ဘာရရ သရမ်းတတ်တဲ့ကောင်ကျနေတာပဲ။ ငါတနင်းဆိုမှ နှင်းပဲ တစ်ပြားမှမလျှော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့ အိုဗာအိုက်တင်တွေလုပ်ကာ ခြေဟန်လက်ဟန်ဖြင့် ဆိုဖြစ်သည်။

"အေးပါ… လိုချင်တာက မိဖုရား၊ ညားတော့ ဘုရင်မ ဖြစ်နေမှာစိုးလို့ ပြောတာ။ ငါ့ညီမကိုချိန်ရင်း ငါ့အဒေါ်တွေထဲက တစ်ယောက် ဒါမှမဟုတ် နှစ်ယောက်စလုံးနဲ့များ ညားလို့ကတော့ ဟားဟား… ဟားဟားလို့ကို ရယ်ပစ်ဦးမှာ"

တိုးကြီးက တစ်ကိုယ်လုံးလှုပ်သည်အထိဆိုရင်း နမူနာ ရယ်ပြသည်။

"အေးပါ တိုးကြီးရာ၊ ငါကလည်း မင်းညီမနဲ့ ဟိုကောင် ဝေယံနဲ့ မတော်နဲ့တဆ ညားသွားလို့ကတော့ ဟားဟား… ဟီးဟီး ဆိုပြီး ရယ်… ပစ်… ဦး… မှာ၊ အရှည်ကြီးကို ရယ်… ပစ်… ဦး… မှာ"

နိုင်ကြီးကလည်း တိုးကြီးမခံချင်အောင် တမင်စကား စကားလုံးများကို လူ့ရှင်တော်များလို တစ်လုံးချင်း ပြောင်ချော်ချော် ဖြင့် ဆိုသည်။

"မင်းတို့နှစ်ကောင် တစ်ချိန်က ပြောခဲ့ဖူးတဲ့ စကားပုံတစ်ခု ကို သွားပြီ သတိရတယ်ကွာ၊ ဟို… ချက်စကားပုံလေးကွာ… 'မိန်းကလေးမရှိသောအိမ်ဆိုတာ နှင်းစက်မရှိတဲ့ စားကျက်တစ်ခု ဖြစ်တယ်'ဆိုတာလေကွာ၊ အဲဒီစကားပုံကို မှတ်မိကြလား"





"မှတ်မိတာပေါ့… ငါကိုယ်တိုင်ပြောခဲ့ပြီးတော့ ဒီကောင် တိုးကြီး ထောက်ခံခဲ့တာလေ။ အဲဒီစကားပုံက အခုတော့ မင်းအတွက် မှန်လိုက်လေကွာ။ ဒီကောင့်ညီမနာမည်ကလည်း ယွန်းနှင်းစက် ဆိုတော့ ဒီကောင်တိုးကြီး ထောက်ခံခဲ့သလိုပဲ မှန်နေတာပေါ့ကွ"

"အဲဒီတုန်းက ထောက်ခံမိတဲ့ ဒီပါးစပ်ကို အပ်နဲ့တောင် ချုပ်ပစ်ချင်တယ်။ ငါ့ညီမကလည်းနော် နာမည်ပေးစရာရှားလို့ နှင်းစက်ပါအောင်များ ပေးထားတတ်တယ်"

နိုင်ကြီး၏ စကားအဆုံးမှာ တိုးကြီးက အောင့်သက်သက် ဖြင့် ဆိုသည်။

"အေး အဲဒီတုန်းက မင်းတို့နှစ်ကောင် အဆိုပြုခဲ့ ထောက်ခံ ခဲ့ကြဟဲ့ အဲဒီစကားပုံက မှန်လွန်းလို့ကွာ။ မိန်းကလေးမရှိတဲ့ အိမ်က နှင်းစက်မရှိတဲ့ စားကျက်ဆိုသလိုပဲ။ နှင်းစက်ရှိမှ ခြောက်သွေ့ခြင်း တင်းပြီး အေးမြတာလေ။ အခုတော့ကွာ ငါ့အိမ်မှာ နှင်းစက်ဆိုတဲ့ မိန်းကလေး ရှိတဲ့နေကစပြီး လန်းဆန်းစိုပြည်နေချက်ကတော့ကွာ လုံးဝ နွေးထွေးအေးဆေးပဲ"

သူ့စကားအဆုံးမှာ တိုးကြီးက–

"ဒီနားကလည်း မကန်းဘူးကွာ။ တကယ်က ကန်းနေ ရော"

ဟု မကျေမနပ် ရေရွတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အရင်တုန်းကတော့ကွာ အိမ်ပြန်ပြီဆိုရင် ကိုယ့်ဘာသာကို ချက်ပြုတ်စားရတယ်ကွာ။ အိမ်မှာ ဘယ်သူမှ မရှိဘူး။ အခုတော့ကွာ အိမ်ပြန်ရင်လည်း ပြန်လာပြီလားအစ်ကို ပြောမဲ့သူနဲ့၊ ထမင်းစားချိန် ဆိုလည်း ချက်ပြီးပြုတ်ပြီးသားကို ခူးခပ်ပေး၊ ပန်းကန်ဆေးပေးမယ့် လူနဲ့၊ အဲဒီ Feel မျိုးကို ဘယ်လိုနားလည်အောင် ပြောပြရမလဲ နိုင်ကြီးရာ"

"အဓိပ္ပာယ်ရှိသော အိမ်ပြန်ချိန်များပေါ့ကွာ ဝေယံရ"

"အေး… အဲဒါပဲလေ နိုင်ကြီးရ"

အတိုင်အဖောက်ညီနေသော သူတို့နှစ်ယောက်ကို ကြည့်ကာ တိုးကြီးက-

"သေပဲ မသေနိုင်ကြဘူး"

ဟု ခပ်ဆောင့်ဆောင့် ရေရွတ်သည်။ ဘာရယ်မဟုတ် သူနှင့် နိုင်ကြီးတို့ ရယ်ဖြစ်ကြသည်။





He who marries a young woman gets welfare and a treasure.

ငယ်ရွယ်သောအမျိုးသမီးကို လက်ထပ်သူသည် သာယာမှုကို ရသကဲ့သို့ ရတနာကိုလည်း ရသည်။

**Morocan Proverb**



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်နှစ်ယောက်ဖြစ်သော အကြီးဖြစ်သူ ဒေါ်ဒေါ်စန်းနှင့် အငယ်ဖြစ်သူ ဒေါ်လေးသိန်းတို့နှင့် သူ ပိုခင်လာသည်။ သူ အိမ်ပြန် ချိန်တိုင်း တံခါးအမြဲတမ်းဖွင့်ပေးသော သူမ။ သူမနှင့် သူ အချိန် ကြာလာသည်နှင့်အမျှ ခင်မင်မှုတွေ တိုးလာသည်ကတော့ အမှန်။

"အစ်ကို ဒီနေ့လေ အစ်ကိုကြိုက်တတ်တဲ့ ပုစွန်တုပ် ကောင်းတာလေးတွေ့လို့ ဝယ်ချက်ထားတယ် သိလား"

"ဟာ… ကောင်းတာပေါ့။ အလုပ်ကပင်ပန်းပြီး ပြန်လာ တာ ဒီသတင်းကြားတာနဲ့ အင်အားတွေ ပြန်ပြည့်သွားသလိုပဲ ဒါနဲ့ အစ်ကို ပုစွန်တုပ်ကြိုက်မှန်း ဘယ်လိုသိတာလဲ"

သူ၏ လျှပ်တစ်ပြက်မေးခွန်းကြောင့် သူမ ရှက်ဝဲဝဲဖြစ်ထား သွားသည်။ ပြီး လက်နှစ်ဖက်ကို အကြောင်းမဲ့ ပွတ်သည်။





"ကိုတိုးကို မေးထားတာ သိချင်လို့"

"အစ်ကို့ အကြိုက်တွေ ဘာလို့သိချင်တာလဲ"

သူမ၏ မျက်ဝန်းထဲကို သေသေချာချာကြည့်ကာ သူ မေးဖြစ်သည်။ သူမက ချက်ချင်းပြန်မဖြေသေး။ ရှက်အမ်းအမ်းကြီး လုပ်ကာနေသည်။ သူ့စိတ်ထဲမှာ သူမ၏ ရှက်ဝဲဝဲကိုယ်လုံးလေးကို သူ့ရင်ထဲ ဆွဲသွင်းကာ အနမ်းမိုးတွေ ခပ်ကြမ်းကြမ်း ရွာချပစ်ချင် နေသည်မို့ နှလုံးခုန်သံတို့က မူမမှန်ချင်တော့။

"ဖြည့်ဆည်းပေးချင်လို့ပေါ့…"

"ဘာဖြစ်လို့ ဖြည့်ဆည်းပေးချင်တယ်ဆိုတာရော အစ်ကို သိလို့ရမလား"

"ကဲ ကဲ ဝေယံနဲ့ သမီးရေ ထမင်းခူးပြီးပြီနော်"

"မြန်မြန်လာကြဟေ့ အေးမှာစိုးလို့"

အရေးထဲမှာ ထအော်လာသော ဒေါ်ဒေါ်စန်းနှင့် ဒေါ်လေးသိန်း တို့ကြောင့် သူ မချင့်မရဲနှင့် မတင်မကျကြီး ဖြစ်သွားရသည်။

"ကိုယ့်ရဲ့ ကျေးဇူးရှင်ပဲဥစ္စာ ဘာမဆို ဖြည့်ဆည်းပေးချင် တာပေါ့လို့။ ကဲ ရှင်းပြီနော်"

သူမက ရှက်ကိုးရှက်ကန်းဖြင့်ဆိုရင်း မချင့်မရဲဖြစ်နေသော သူ့ကို လှှာလေးတစ်လစ် ထုတ်ပြသွားသည်။ မချိမချဉ်ဖြင့်-

သူ့ရင်ထဲမှာတော့ အကြီးစားလျှော်တစ်ခု လှုပ်ခတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



သွားဓါ်။ ရစ်ချိတာစကေးအမြင့်ဆုံး ဖြစ်မည်ထင်သည်။ ရင်ခုန်သံများက ဝုန်းဒိုင်းကြဲလွန်းသည်ကိုး။





အချိန်တွေကြာကာ သူမတို့တူရီးသုံးယောက်နှင့် သူတကယ့် မိသားစုလို ခင်လာကြသော်လည်း ပြဿနာက ကြောင်ကစသည်။

ကြောင်ဆိုသော သတ္တဝါကလည်း အင်မတန်ဆော့သောကြောင်တောင်တောင်သတ္တဝါ။ သူတို့အတွက် အရာရာသည် ဆော့စရာ။

တစ်နေ့ သူမက TV ကြည့်နေသော သူ့ကို ငှက်ပျောသီးခပ်ထွားထွားတစ်လုံး လာပေးသည်။ ဧည့်ခန်းထဲက စားပွဲပေါ်မှာကလည်း ဘာပစ္စည်းတွေမှန်းမသိ ပြည့်ကာနေသည်။ သို့နှင့် သူလည်းပြီးလွယ်စီးလွယ် ပုဆိုးခါးပုံစမှာ ထည့်ထားလိုက်ပြီး TV မှာလာသောဇာတ်ကားကိုသာ သဲကြီးမဲကြီး ကြည့်နေဖြစ်သည်။ ထိုအချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



သူ၏ ကြောင်ကလေးက အရုက်အကြောက်ကြီးသော ဒေါ်လေးသိန်း၏ ဘော်လီကို ကုတ်ကာဖွဲ့ကာဖြင့် သူ့ဘေးမှာ ကပ်လျက်ဆော့နေသည်။ သူကလည်း သတိမထားမိ။

"ဟောတော့ ငါ့ဟာပျောက်လို့ လိုက်ရှာနေတာ... သင်း... သင်း ယူဆော့ထားတာကိုး။ ဒုက္ခပဲ..."

အသက်လေးဆယ့်ငါး ရှိပြီဖြစ်သော်လည်း အပျိုကြီးပီပီ အရှက်အကြောက်ကြီးသော ဒေါ်လေးသိန်း၏ စကားသံကြောင့် ကြောင်လေး ဆော့နေသည်ကို လှမ်းကြည့်တော့ ဒေါ်လေးသိန်း၏ ဘော်လီကြီး ဖြစ်ကာနေသည်။ အမေတွေ အစ်မတွေနှင့် နေလာသူအဖို့ ဘော်လီသည် သိပ်တော့အထူးအဆန်း မဟုတ်။ အိမ်မှာ ကိုယ်က ငယ်သူမို့ အဝတ်တွေဘာတွေ မိုးရွာလို့ သိမ်းရုတ်ပေးရလျှင်ပင် သူ သိမ်းပေးနေကြ။ အခုဟာက ဓိတူ။ သူစိမ်းဖြစ်ရုံမက ဒေါ်လေးသိန်းက အပျိုကြီးတောင်မှ အင်မတန် ရှက်တတ်သော အပျိုကြီး။ ထို့ကြောင့် သူ မသိချင်ယောင်ဆောင်ကာ မမြင်သလို နေလိုက်သည်။

ကြောင်လေးကတော့ ဆက်ဆော့နေတုန်း။

"နှင်းတို့လည်း TV လာမကြည့်သေးပါလား၊ ဒေါ်လေး"

သူ မသိချင်ယောင်ဆောင်ရုံသာမက စကားလမ်းကိုပါ တခြားကို အာရုံရောက်အောင် လွှဲပေးဖြစ်သည်။





"လာမှာပေါ့ကွယ်။ ကဲ ဒီကြောင်ကလည်း လက်ကိုင်ပဝါတွေ ယူဆော့နေပြန်ပြီ"

ဒေါ်လေးသိန်းက ပြောပြောဆိုဆိုပင် ကြောင်လေး၏ လက်ထဲမှ သူမ၏ ဘော်လီကို လက်ကိုင်ပဝါဟု ဖြီးကာ လှမ်း၍ ယူသည်။

သို့သော် ကိုရွှေကြောင်က အငြိမ်မနေဘဲ သူ့ပေါင်ပေါ် ချီတက်လာသည်။ အပျိုကြီးကလည်း မထူးတော့ဟု တွေးထားသလားမသိ။ သူမမှ မယူလျှင် သူမ၏ဘော်လီကို သူ မြင်သွားလိမ့်မည်ဟု တွေးထားသည်ထင့်။

သူ၏ပေါင်ပေါ်မှ ကြောင်ကလေး၏ လက်ထဲတွင်ရှိသော သူမ၏ဘော်လီကို မျက်နှာလွှဲကာ စမ်း၍လှမ်းအယူ ကြောင်ကလေးက ခုန်ထွက်သည်။ လက်က ဘွားခနဲ သူ့ပေါင်ဆီရောက်လာသည်မို့ သူ အသက်အောင့်ကာ TV ကို ကြည့်ချင်ယောင်ဆောင်နေရသည်။ ကံကဆိုးချင်တော့ ကြောင်ခုန်ချရာကို ဒေါ်လေးသိန်း လိုက်စမ်းကာ အဆွဲ သူ၏ပုဆိုးခါးပုံစထဲမှ စောစောက နှင်းလာပေးသွားသော ခပ်ထွားထွားငှက်ပျောသီးကို လှမ်းဆွဲမိသည်။ ဒေါ်လေးမျက်နှာတ ဟိုဘက်သို့ လွှဲထားဆဲ။

"အမယ်လေး ဝေယံ ဒါဘာကြီးတုန်း ကိုယ်ကျိုးနည်းပါပြီ။ မာတာတာကြီးတော့"



www.burmeseclassic.com

www.burmeseclassic.com



ပုဆိုးခါးပုံစထဲမှ ငှက်ပျောသီးကို လှတ်ချရင်း ဒေါ်လေးသိန်းက အလန့်တကြား ထအော်သည်။ သူကလည်း အရေးထဲမှာ ငှက်ပျောသီးဆိုတာကို ပြောဖို့မေ့နေသည်။

"ဘာမှမဟုတ်ဘူး… ဟိုသင်း"

"အမယ်လေး လာကြပါဦး… မာတာတာကြီးတော့… ဟာ… ဟာ…"

ဒေါ်လေးသိန်းက ပြောရင်းဆိုရင်း တက်ကာသွားလို့ သူ ကျွတ်လုလုဖြစ်နေသော ပုဆိုးကို ပြန်ပြင်ဝတ်ဖြစ်သည်။

ကိုရွှေငှက်ပျောသီးက ထိုအခါမှ ဒုတ်ခနဲ ပြုတ်ကျလာသည်။ ဒေါ်လေးသိန်း၏ အော်သံကြောင့် နှင်းနှင့် ဒေါ်ဒေါ်စန်းက မီးဖိုထဲမှ ပြေးလာကြသည်။

"ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ"

ဒေါ်ဒေါ်စန်းက ပုဆိုးပြင်ဝတ်နေသော သူ့ကိုတလှည့် တက်နေသော ဒေါ်လေးသိန်းကို တစ်လှည့်ကြည့်ကာ မေးသည်။ ရုတ်တရုတ် သူ ဘာပြောရမှန်းမသိ။ ရှင်းပြဖို့က ခက်သည်ကိုး။ သူမကပါ-

"ဘာဖြစ်တာလဲ အစ်ကို"

ဟုမေးသည်။

"ကဲ အဲဒါကို နောက်မှပြော ဆေးခန်းအရင်ပို့ရအောင်"

သူ ဒေါ်လေးသိန်းကို ပွေ့ချီဖြစ်သည်။ ကားပါကင်က





အတော်လေး လှမ်းသည်ကိုး။ ဒေါ်ဒေါ်စန်းက လမ်းမှာ ပွစိပွစိ ရွတ်ကာလာသည်။

"သူက တော်တန်ရုံ မတက်တာကြာပြီ။ တော်တော်ကြီး ထိတ်လန့်စရာတွေ့လို့ပဲ ဖြစ်မယ်။ ဘာတွေ့သွားပါလိမ့်"

ဟူ၍။



www.burmeseclassic.com

www.burmeseclassic.com



“ဖြစ်ပုံကတော့ အဲဒါပါပဲ။ မာတာတာကြီးတော့လို့ အော်ပြီး တက်သွားတာ”

သူ၏စကားအဆုံးမှာ အားလုံးက ပြုံးစိစိကြီးတွေ ဖြစ်သွားကြသည်။ ကံကဆိုးချင်တော့ နာ့ပ်(စ်)မကာစလို့ တာဝန်ကျ ဆရာဝန်အဆုံး လူနာခန်းမှာရှိသမျှ အားလုံး အမတွေချည်း။ ကျားဆို၍ သူတစ်ယောက်သာ ရှိသည်မို့ ရှေ့မျက်နှာနောက်ထားပြီး ဖြစ်ကြောင်း ကုန်စင်ကို ပြောပြဖြစ်သည်ကိုး။

အားလုံး၏ ပြုံးစိစိအကြည့်ဒဏ်ကို မခံနိုင်တော့သည်မို့ သူ ခေါင်းကို ကုတ်ဖြစ်သည်။

“တကယ် ဘုရားစူး ငှက်ပျောသီးပါဗျာ... ယုံဝါ”



www.burmeseclassic.com

မလုံမလဲဖြစ်သော သူ၏ ရှင်းပြမှုအဆုံးမှာ အားလုံးက 'ခွီး'ခနဲ ဝိုင်းရယ်ကြသည်မို့ သူ မျက်နှာကို ဘယ်ထားရမှန်းပင်မသိ။ သူမကို လှမ်းကြည့်တော့ ပြုံးစိစိမျက်နှာပေးကို တွေ့သည်။

"ဘယ်သူက ဘာပြောလို့လဲ၊ ရှင်ကတစ်မျိုး"

အသက်ခပ်ငယ်ငယ် တာဝန်ကျဆရာဝန်မက မျက်မှန်ကို ခွတ်ကြီးဆွဲတင်ရင်း (ရယ်ချင်ပက်ကျိုဟန် မပျောက်သေးပဲ) ခပ်ဆတ်ဆတ်ဆိုသည်။

"ယုံပါဆရာမရယ်။ မာတာတာကြီးတော့ ဆိုပေမယ့် တကယ့် ငှက်ပျောသီးပါဆိုဗျာ"

သူ ငိုချင်ချင်ကြီးနှင့် အခိုင်အမာ ပြောပြဖြစ်သည်။ သူမကို လှမ်းပင်မကြည့်ရဲ။

"ကဲ... ခက်ပြီ ရှင့်ကိုဘယ်သူက ရိုက်စစ်နေလို့ ဒါကို ထပ်ခါထပ်ခါ ပြောနေရတာတုန်း... ပြဿနာပဲ"

နာ့(စ်)မခပ်ချောချောလေးကလည်း ခပ်ငေါက်ငေါက်ဆိုသည်။

"ဆရာမတို့အကုန်လုံးက မယုံတဲ့ပုံစံနဲ့ ပြုံးစိစိတွေ လုပ်နေကြတာကိုးဗျ... ငှက်ပျောသီးပါဆိုတာကို"

"ကဲ"

သူစကားမဆုံးခင်မှာ ဆရာဝန်မက 'ကဲ'ဟု သံရှည်ဆွဲကာ





ဆိုသည်။

"ဒီအခန်းထဲမှာရှိနေကြတဲ့ လူတွေအားလုံး မငြင်းကြတော့နဲ့။ ငှက်ပျောသီးဆိုတာကို လက်ခံကြတယ် မဟုတ်လား။ လက်ခံပေးလိုက်ကြပါဟယ်။ လက်ခံလား"

"လက်ခံပါတယ်... ခိခိ... ခိ"

အကုန်လုံးက တခိခိဖြင့် လက်ခံလိုက်ကြပုံက သိပ်မမိုက်လှ။ သူ မျက်နှာတွေပင် ပိန္နီသွားသည်ထင့်။ ပူထူကာနေသည်။

"ကြားတယ်နော်။ အားလုံးက လက်ခံတယ်။ ရှင် ဆက်မပြောတော့နဲ့။ ဆက်ပြောရင် ငှက်ပျောသီးဆိုတာကို သံသယဝင်လာဦးမယ်။ မကြာခင် လူနာ သတိလည်လာလိမ့်မယ်။ အဲဒီတော့မှ ပြောပြချင်သပဆိုရင်ပြော။ အဲလေ... မပြောတာပဲကောင်းပါတယ်။ ဖြစ်နိုင်ရင် သူသတိရရင် ရှင်မရှိတာ ကောင်းမယ်။ ထပ်တက်နေမှာစိုးလို့"

ပြုံးစိစိမျက်နှာကို အသားကုန်တင်းထားရသော ဆရာဝန်မ၏ စကားအဆုံးမှာ နှင်း၏မျက်နှာကို သူမရဲတရဲ ကြည့်ဖြစ်သည်။

"နှင်း သေသေချာချာ ရှင်းပြလိုက်နော်။ အစ်ကို ပြန်တော့မယ်။ လိုတာရှိရင်လည်း ဖုန်းဆက်လိုက်နော်"

"အင်း"

ခေါင်းညိတ်ကာ သူမ အင်းပြီးသည်နှင့်တစ်ပြိုင်နက် သူ



www.burmeseclassic.com

www.burmeseclassic.com



အခန်းပြင်ကို ခပ်သုတ်သုတ် တစ်ဟုန်ထိုး ပြေးထွက်ခဲ့ဖြစ်သည်။

မျက်နှာပူ ပုံများကဖြင့် ပြောစရာ စကားပင်မရှိ။



အရှိနဲ့ အသိ

အထင်နဲ့ အမြင်

တစ်ခါတလေကျ တက်တက်စင်အောင် လွဲတတ်တယ်ဗျူ။

ဝေယံ



www.burmeseclassic.com

www.burmeseclassic.com



သူ၏ ကဗျာမဟုတ် စာမဟုတ်ကို ကြည့်ကာ တိုးကြီးနှင့် နိုင်ကြီးက ရယ်သည်။

"သင်တန်းကလည်း ပြီးတဲ့အချိန်နဲ့တိုက်တော့ တူအရီးသုံးယောက် ပစ္စည်းတွေသိမ်းပြီး ရွာပြန်သွားကြတာပါပဲကွာ"

သူ၏စကားအဆုံးမှာ အားလုံးက ဝါးခနဲ ရယ်ကြပြန်သည်။

"ဒါနဲ့ မင်းညီမနှင်းကို အခြားသင်တန်းတွေဘာတွေ မတက်ခိုင်းတော့ဘူးလား"

"မတက်ခိုင်းတော့ဘူး"

ညင်ညင်သာသာမေးသော သူ့စကားပင်မဆုံးသေး တိုးကြီးက 'မတက်ခိုင်းတော့ဘူး' ဟု ခပ်ငေါက်ငေါက်ဆိုသည်။

"ငါလွမ်းလိုက်တာကွာ"





"ဒေါ်လေးသိန်းကိုလား ဝေယံ"

"ဟကောင် နိုင်ကြီး မင်းပါးစပ်ပိတ်ထား"

သူက 'လွမ်းလိုက်တာ' ဆိုသော စကားအဆုံးမှာ နိုင်ကြီးက 'ဒေါ်လေးသိန်းလား' ဟု ထမေးသည်မို့ တိုးကြီးက အာခေါင်ခြစ်ကာ 'ပါးစပ်ပိတ်' ရန်ဆိုသည်။

"ပိတ်ထားပါ့မယ်ခင်ဗျာ... ပိတ်ထားပါ့မယ်ခင်ဗျာ"

နိုင်ကြီးက ဇာတ်သံ ဇာတ်ဟန်ဖြင့် ဆိုသည်မို့ သူ ပြုံးဖြစ်သည်။

"ခင်လည်းခင်တယ် အားလည်းနာတယ် တိုးကြီးရာ ဖြစ်နိုင်ရင် နှင်းကို ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်လေးဖြစ်ဖြစ် ငါ့ကို ပေးပါကွာ... ငါ..."

"မပေးဘူး"

သူ၏ စကားပင်မဆုံးသေး တိုးကြီးက ခပ်ပြတ်ပြတ်ပင် ဆိုသည်။

"ဘာဖြစ်လို့လဲကွ"

"ဘာဖြစ်ရမှာလဲ... ငါက ဘယ်လိုမျက်နှာနဲ့ ငါ့ညီမ ဖုန်းနံပါတ်ကို ပေးရမှာလဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရွာမှာ ဖုန်းလိုင်း မရှိသေးလို့... ဟီး"

ရုပ်တည်ကြီးနှင့်ဆိုရာမှ သကောင့်သားက အရွှန်း



www.burmeseclassic.com

www.burmeseclassic.com



ထဖောက်သည်။

"ဒါပေမယ့် အခုတော့ GSM တိုင်တွေ ထောင်နေပြီကွ။ ရွာမှာ မကြာခင်ရတော့မယ်။ အဲဒီကျပေးမယ် ဟုတ်ပြီလား"

တိုးကြီး၏ စကားအဆုံးမှာ သူ ခေါင်းညိတ်ဖြစ်သည်။ သိပ်တော့ အားမရှိလှ။ ရင်ထဲမှာ ဟာကာနေသည်။

"ကဗျာလေး ဖတ်လိုက်ပါဦးမယ်ကွာ… ဘာတဲ့"

အရှိနဲ့ အသိ
အထင်နဲ့ အမြင်
တစ်ခါတလေကျ
တက်တက်စင်အောင် လွဲတတ်တယ်ဗျ။

ဝေယံ

နိုင်ကြီးက ပြုံးစိစိဖြင့် အစပြန်ဖော်ကာ ကဗျာမဟုတ် စာမဟုတ်ကို ရေရွတ်ပြသည်။ ပြီး စာရွက်ကို ကျကျနန ခေါက်သိမ်းပြီး အိတ်ကပ်ထဲ ထည့်သည်။

"ဘာလုပ်မလို့လဲ"

သူ့စာရွက် သူ့ဆီ ပြန်မပေးသည်မို့ သူ မေးဖြစ်သည်။

"ဘာလုပ်ရမှာလဲ။ ဒီကဗျာကို ငှက်ပျောသီး ရှင်းတမ်း"





ဆိုတဲ့ ခေါင်းစဉ်တပ်။ စာအိတ်ထဲထည့်ပြီး ဒေါ်လေးသိန်းဆီ ပို့ရမှာပေါ့ကွာ ခွိး… ခွိး"

နိုင်ကြီးက ပြောပြီး တခွိးခွိး ရယ်သည်။ တိုးကြီးကပါ လိုက်၍ ရယ်သည်။ သူကတော့ မရယ်ဖြစ်။

"မင်းမျက်နှာကြီးက မျောက်သေကို ပါးရိုက်ထားတဲ့ အတိုင်းပဲ ပြုံးပြုံးရွှင်ရွှင်လည်းနေပါဦး ဝေယံရာ။ ဘယ်သူ လက်ခံခံ မခံခံ ငှက်ပျောသီးဆိုတာ ငါလက်ခံတယ် သူငယ်ချင်း။ အမယ်လေး… မာတာတာကြီး… တော့"

အလန့်တကြား ထအော်ကာ ပြောင်ချော်ချော်လုပ်သော နိုင်ကြီး၏ပုံစံကြောင့် သူ ဟက်ခနဲ ရယ်ဖြစ်သည်။ နိုင်ကြီးက-

"အေး အဲဒီလို ပြုံးပြုံးရွှင်ရွှင် နေစမ်းပါ"

ဟု ဆိုသည်။

"ခွေးကောင်တွေ… ငါ့ကိုရှေ့မှာထားပြီး လူစကားပြောကြ။ တစ်ခါလာလည်း အမယ်လေး မာတာတာကြီးတော့… တစ်ခါလာလည်း အမယ်လေးလေး မာတာတာကြီးတော့ကကို မတက်ဘူး"

တိုးကြီးက အမူအယာနှင့်တကွ ပြောရင်း ဒေါကန်ဟန် ပြသည်။

"ဩော် ဒါနဲ့ ဒီစာကို ဖတ်ကြည့်ပါဦးကွာ။ မင်းတို့ကို



www.burmeseclassic.com

www.burmeseclassic.com



မပြုရသေးဘူး။ ဒါ နှင်းရေးခဲ့တဲ့စာ… ရော့… ဖတ်ကြ”

စာကို နှိုင်ကြီးက ခပ်သွက်သွက် လှမ်းယူသည်။





အစ်ကို

အကြောင်းကြောင်းကြောင့် ရုတ်တရက် ထွက်သွားရတယ်

ဆိုပေမယ့်…

အစ်ကို ကြိုက်တတ်တဲ့ ပုစွန်တုပ်ဟင်း ချက်ပေးခဲ့တယ် နော်။

အစ်ကိုရဲ့ကျေးဇူးကို နှင်း မမေ့ပါဘူး။ ဒေါ်လေး သိန်းကိုလည်း…

သဘောပေါက်အောင် နှင်း ရှင်းပြပြီးပါပြီ။ စိတ်မပူတော့နဲ့နော်…



www.burmeseclassic.com

www.burmeseclassic.com



ဟိဟိ။

ရန်ကုန်ရောက်ရင် ဆက်သွယ်ပါ့မယ်။ ဒါနဲ့ ပုစွန်တုပ် ပန်းကန်ဘေးမှာ ငှက်ပျောသီးတစ်လုံး ထားခဲ့တယ် စားလိုက်ဦးနော်။

ဩော်… အဲဒီ ငှက်ပျောသီးက အသစ်နော် ဟိဟိ…

ယွန်းနှင်းစက်

သာကောင့်သားနှစ်ကောင်က စာကိုဖတ်ပြီး ပြုံးစိစိ လုပ်သည်။

"ဒီငှက်ပျောသီးကလည်း ပြန့်တော်တောင် ကျွေးနေသေးတယ်။ ငှက်ပျောသီးကြောင့် ပြဿနာတက်တာကို မမှတ်သေးဘူး။ အမယ်လေး… မာတာတာကြီးတော့"

နိုင်ကြီးက စာရွက်ကိုပြန်ချကာ ပေါက်တတ်ကရပြောရင်း မာတာတာကြီးတော့ဟု အလန့်တကြား ထအော်သည်။

တိုးကြီးကတော့ ပေစောင်းစောင်းဖြင့် နိုင်ကြီးကို ဘုကြည့်ကြည့်သည်။

"ဒါနဲ့ အရေးကြီးတာမေးဖို့ မေ့နေတယ်၊ မင်းရဲ့ ကျေးဇူး





ရှင် ကြောင်ကလေးရော၊ ဘယ်ရောက်သွားလဲကွ"

"သူများ ပေးပစ်လိုက်တယ်။ အဲဒီညကတည်းက ငါ့ဆီ အဲဒီကြောင်လေး ပေးပါ ပေးပါနဲ့ တောင်းတောင်းနေတဲ့ လမ်းထိပ်မှာ ငါ ကြောင်စာဝယ်နေကျ စတိုးဆိုင်ပိုင်ရှင် လူပျိုကြီးကို ပေးလိုက်တယ်။ လူပျိုကြီးကလည်း ခပ်ခြောက်ချင်ချင်ကြီး"

"အလဲ့လဲ့ မင်းက ဘယ်ရောက်ရောက် လူပျိုကြီး အပျိုကြီးတွေနဲ့တော့ အကျိုးပေးသားကွ။ အဲဒီခြောက်ချင်ချင်လူပျိုကြီးကရော မင်းကြောင်ကို ပေးလိုက်တော့ ဘာမှ ထမအော်ဘူးလား"

"အမယ်လေး မာတာတာကြီးတော့ ဆိုပြီးတော့လေ မင်းမအော်ခင် ငါအော်ပေးထားတာ။ အမယ်လေးလေး မာတာတာကြီးတော့"

နိုင်ကြီး၏ စကားမဆုံးခင်မှာ တိုးကြီးက အမြင်ကပ်ဟန်ဖြင့် ဝင်အော်သည်မို့ သူနှင့် နိုင်ကြီးတို့ ရယ်ဖြစ်ကြသည်။

"ကြောင်လေး သနားပါတယ်ကွာ။ သူ့ခမျာ ဗီလိန်ကြီးအဖြစ်နဲ့ သရုပ်ဆောင်ရရှာတယ် ကြောင်ကြီးတန်မဲ့နဲ့"

"မသနားနဲ့ ငါ့ကောင်ရေ အခုလောက်ဆို သူက ကြောင်စာဆိုင်မှာ သားသားနားနားကြီး ဖြစ်နေလောက်ပြီ။ ငါ့အိမ်မှာဆိုရင် အငတ်ထားချင် ထားဖြစ်နေဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



သူ ခပ်ရွဲ့ရွဲ့ပင် ဆိုဖြစ်သည်။ ဘာရယ်မဟုတ်၊ သူမကိုတော့ ဘာအကြောင်းကြောင့်မှန်းမသိ ခဏခဏ လွမ်းသည်။





အိမ်ပြန်ရောက်ရောက်ချင်း အိမ်ရှေ့တံခါးဝမှာ ချထားသော ငှက်ပျောခိုင်ကြီးကြောင့် သူ ကြောင်သွားရသည်။

"ဘာလဲကွ… ငါလည်း မပို့ခိုင်းထားပါဘူး။ ဘယ်သူလာထားသွားပါလိမ့်"

ဟုလည်း ရေရွတ်မိသည်။

"ကျွန်မလာထားထားတာ"

နောက်မှ ထွက်လာသော ရင်းနှီးသည့်စကားသံကြောင့် သူ့နောက်ကို လှည့်ကြည့်လိုက်တော့ ယွန်းနှင်းစက်။

"နှင်း"

"ရှင်"

ဝမ်းသာအားရသူခေါ်သည်ကို သူမက ပြောင်ချော်ချော်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'ရှင်'ဟု ဆိုသည်။ အသည်းယားစရာ တကယ့်ကောင်မလေး။

"ငှက်ပျောခိုင်က ဘာလဲကွာ"

"ဒေါ်လေးသိန်း ထည့်ပေးလိုက်တာ"

"အာ... မနှောက်ပါနဲ့ နှင်းရာ"

"အတည်... အတည်ပြောတာ"

"ကဲကဲ ထားလိုက်ပါတော့၊ ဒါနဲ့ နှင်းက ရန်ကုန်ကို ဘာလာလုပ်တာလဲ။ သင်တန်း လာတက်တာလား"

"မဟုတ်ဘူး အပြီးပြောင်းလာတာ။ အစ်ကိုတိုက်ရဲ့ မျက်နှာချင်းဆိုင်တိုက်မှာ ကွန်ဒိုတစ်ခန်း ဝယ်လိုက်ပြီရှင့် သိလား။ ကိုတိုးမပြောဘူးလား"

"ဟာ... ဝမ်းသာလိုက်တာ နှင်းရယ်။ ဒါနဲ့တောင် တိုးကြီးက နှုတ်လုံတယ်ကွ။ ဒီကောင်တော့ တွေ့ဦးမယ်"

"ကွန်ဒိုက ဘယ်သူ့ ငွေနဲ့ဝယ်တာလဲ သိလား"

"ဟင့်အင်း"

"ဒေါ်လေးသိန်းရဲ့ ငွေနဲ့"

"အာ..."

သူမ၏ ပြုံးစိစိစကားကြောင့် သူရုက်ရုက်ဖြင့် 'အာ'ဟု ရေရွတ်ဖြစ်သည်။ သူမက ဟက်ခနဲ ရယ်သည်။

"ဒါနဲ့ အစ်ကို ပိန်သွားတယ်နော်"





သူမက တစ်ချက်လှမ်းကြည့်ရင်း ဆိုသည်။

"နှင်းချက်ကျွေးတဲ့ ဟင်းမှ မစားရတော့တာကိုး ဗျ"

"အပိုတွေ"

သူ့စကားကြောင့် သူမက ရုက်ဝဲဝဲဖြင့် မျက်လွှာချရင်း အပိုတွေဟု ဆိုသည်။ သူ့ရင်မှာကတော့ လျှော်လှုပ်နေပြီ ဖြစ်သည်။

"ပြီးတော့ နှင်းပြန်သွားပြီးကတည်းက လွမ်းလွန်းလို့ ပိန်သွားတာဗျ"

"တော်ပါ အပိုတွေ လွမ်းစရာလား၊ နှင်းနဲ့သူနဲ့လည်း ဘာမှမဆိုင်ပဲနဲ့။ နှင်းကတော့ မယုံပေါင်။ ကဲပြောပါဦး ဘာလို့ လွမ်းတာလဲ"

သူမက ပြောင်ချော်ချော်ဖြင့် ချစ်စရာကောင်းအောင် လုပ်ပြနေသည်မို့ သူ နှင်းကို ရင်ခွင်ထဲထည့်ကာ အနမ်းမိုးတွေ ရွာချပစ်သည်။

"အရမ်းကိုချစ်လို့ လွမ်းတာကွ သိပြီလား... နှင်းကို ကိုယ် အရမ်းချစ်တယ်"

"လွှတ်နော်... အော်လိုက်မှာ"

သူမ၏ 'လွှတ်နော်'က အသံဖျော့ဖျော့လေး 'အော်လိုက်မှာ'ဆိုသော အသံက တိုးညင်းလွန်းလို့ နှစ်ကိုယ်ကြားပဲ ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မျက်လုံးချင်း ရင်ဘတ်ချင်း ဒီလောက်စကားပြောပြီးမှ တော့ နှင်းရယ်။ ကိုယ့်ကို မတားနဲ့တော့နော်"

သူ့စကားကို သူမနားမှာကပ်ပြီး နှစ်ကိုယ်ကြား ပြောဖြစ် သည်။ ပြီး တင်းကြပ်စွာ ဖက်ထားဖြစ်သည်။

"အဟမ်း အဟမ်း"

ထိုစဉ်မှာ အပေါ်ထပ်မှ ဆင်းလာသော အဒေါ်ကြီး တစ်ယောက်က ချောင်းဟန့်သည်။

"အမယ်လေး ခေတ်ကာလကလေးတွေများ လေကား ပေါ်မှာတောင် ချိန်းတယ်တော်ရေ… အံ့… ပါ… အံ့ပါ"

မကြားတကြား ရေရွတ်သော အဒေါ်ကြီးကို သူ ပြန်စ ချင်လာသည်။

"ချိန်းတာ မဟုတ်ပါဘူးဗျ။ တွေ့တာပါ"

ဟု ပြောင်ချော်ချော်နဲ့ပင် သူဆိုဖြစ်သည်။

"အောင်မယ်မယ်… ပက်ပင်းကြီးတွေ့တာတောင် သူက များ လူကြီးကို ပြန်ပြောနေသေးတယ်။ လူကိုများ သူ့လုပ်စာ စားနေတဲ့အတိုင်းပဲ။ လေသံကိုက… အမယ်လေး… မာတာတာ ကြီးတော်ရေ့"

ပြောပြီးဆင်းသွားသော အဒေါ်ကြီး၏ စကားလုံးကြောင့် သူနှင့် နှင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း ရယ်ဖြစ်





သည်။ ပြီး လူလစ်ကုန်း သူမပါးကို ခပ်ဖွဖွ ခိုးနမ်းဖြစ်သည်။

သူမတော့ ပြုံးစိစိဖြင့် 'ဒေါ်လေးသိန်း'နဲ့ တိုင်မှာပဲဆိုကာ လျှာထုတ်ပြရင်း အိမ်အောက်ကို ဆင်းကာပြေးသည်။

ဟုတ်ကဲ့

သူ သူမ၏နောက်ကို လိုက်မပြေးသွားဘူးလို့ ထင်ပါ သလား။ စာရေးသူကတော့ မထင်ပါခင်ဗျာ။ ဝေယံတစ်ယောက် နှင်း၏နောက်သို့ ထပ်ကြပ်မခွာ လိုက်သွားမှာကတော့ လုံးဝကို အသေအချာပဲ ဖြစ်သည်။

ရယ်မောပျော်ရွှင်နိုင်ကြပါစေ။
ပြည့်ပိုင်မှူးအိမ်



www.burmeseclassic.com